မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နှင့် ၁၂ မိုင်အကွာ ဖြူးချောင်းကိုပိတ်၍ လယ်မြေဧက တစ်သိန်းအတွက် ဆည်ရေပေးဝေမည့် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ချောင်းကြမ်းပြင်ကို ဖယ်ထုတ်ပြီး လိုအပ်သောမြေအနေအထားရရှိရန် မြေထိုး၊ မြေသယ်၊ မြေကုတ် စက်ယန္တရား ၆၅ စီးတို့ဖြင့် ဆောင်ရွက်နေသည်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

မြို့နေလူထု သောက်သုံးရေဖူလုံရေးနှင့် လယ်မြေဧက ၂၄၀၀ ကို ရေပေးဝေနေသည့် မွန်ပြည်နယ် သထုံမြို့က ဝါးပါးရေလှောင်တမံ

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၄

၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းကဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့သော ရေထိန်းတံခါးများ၏ကျေးဇူးကြောင့် ဒေသခံတောင်သူများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ၎င်းတို့၏ ရင်တွင်းခံစားချက်များကို သိရှိနိုင်ရန် မွန်ပြည်နယ် သထုံခရိုင်သို့ ဦးကျော်စိန်နှင့်အတူ လက်တွေ့ကွင်းဆင်းခဲ့သည်။ သထုံမြို့ ဆည်မြောင်းဧည့်ရိပ်သာအသွား သထုံ-ဘားအံလမ်းပေါ်တွင် "မြို့ရေပေးဝေရေး" ဆိုင်းဘုတ်တစ်ခုကို ကားလမ်းဘေးတွင် အမှတ်မထင် တွေ့လိုက်ရသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂၄ ရက်)

စိုက်ပျိုးရေးနှင့်လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး ကြီးပမ်း စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မန္တလေးတိုင်း မတ္တရာမြို့နယ် အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ ဧပြီ ၁၉ရက်က ရောက်ရှိစစ်ဆေးခဲ့သည်။

အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေအတွက်ပါ ပိုမိုအကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သည်။ နိုင်ငံတော်အတွက် လိုအပ်နေသော လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်ပေးမည့်အပြင် လက်ရှိဆည်တော်ကြီး၏ ရေသောက်ဧရိယာဧကကို စိုက်ပျိုးရေ ပိုမိုဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ယင်းစီမံကိန်းကြီးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။

အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ ရေအားလျှပ်စစ် တပ်ဆင်အား မဂ္ဂါဝပ် ၆၀ နှင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ၃၁၅ကီလိုဝပ်နာရီသန်း ထုတ်လုပ်ပေးနိုင်မည့်အပြင် လက်ရှိ ဆည်တော်ကြီးရေအားလျှပ်စစ်ထုတ်လုပ်မှုကို ပိုမိုတိုးတက်ခိုင်မာစေမည့် စီမံကိန်းဖြစ်သည်။

အောက်ဘက်ရှိ ဆည်တော်ကြီး လက်ရှိရေအားစက်ရုံ၏ထုတ်လုပ်မှုကို ၁၃၄ကီလိုဝပ်နာရီသန်းမှ ၁၉၄ ကီလိုဝပ်နာရီသန်းအထိ ကီလိုဝပ်နာရီသန်း ၆၀ ထပ်မံတိုးမြှင့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ အထက်ဆည်တော်ကြီးနှင့် အောက်ဆည်တော်ကြီး နှစ်ခုပေါင်းစပ်၍ နှစ်စဉ် ဓာတ်အား ကီလိုဝပ်နာရီ ၅၀၉ သန်းအထိ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ရေလှောင်တမံအမျိုးအစားသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၃၂၀၀၊ အမြင့်ပေ ၂၄၀ ရှိမည့် ရေလှောင်တမံဖြစ်သည်။ ဆည်တော်ကြီးရေလှောင်တမံသို့ ရေကူရေဖြည့်ပေးနိုင်သဖြင့် နွေစပါးစိုက်ဧက ၁၀၀၀၀ ခန့် တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ အထက်ဆည်တော်ကြီး ရေကူရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် အရေးပါသည့် စီမံကိန်းဖြစ်၍ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထူးဈေးရောင်းပွဲတော် ဗဟန်းမြို့နယ်၌ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဧပြီ ၂၇ရက်မှ မေ၃ရက်အထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စက်မှု(၁) ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပမည် ဖြစ်သည်။

လွတ်လပ်စွာ ဝယ်ယူနိုင်

အဆိုပါ ဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းခြောက်ခုမှ ထုတ်ကုန်ပစ္စည်းများကို အရောင်းဆိုင်ခန်းများဖွင့်လှစ်၍ နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအထိ ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၄-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၃၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၄၀ ၁၄။ စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနဲ့ပန်းနှင်းဆီ** (အပိုင်း-၁၁)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ ရှင်သန်နေသော သီချင်းများ (Living Songs) တေးရေး R-ခိုင် (ဒုတိယပိုင်း)
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့် ကျွန်ကျောင်း** (အပိုင်း-၂)

ခရိုင်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်အောင်ပွဲ အခမ်းအနား စစ်ကိုင်းတိုင်း ကလေးမြို့၌ ကျင်းပ

ကလေး ဧပြီ ၂၃

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း ကလေးခရိုင်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့် အောင်ပွဲအခမ်းအနားကို မတ် ၂၁ရက် နံနက် ၉ နာရီက ကလေးမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက ခရိုင်လုံးကျွတ်ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိမှု ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အမှုဆောင်အရာရှိ ဦးမိုးဟိန်းက အထိမ်းအမှတ်အလံငယ်များကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်စန်းချစ်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ထံ ပေးအပ်သည်။

ဖွင့်လှစ်

ထို့နောက် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးအောင်စန်းချစ်က ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးဝင်းခိုင်၊ ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ (အပေါ်ပုံ) နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်စန်းချစ်က အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆောင်ရွက်နိုင်

ကလေးခရိုင်အတွင်း ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အထိ အဖွဲ့ရန်ပုံငွေဖြင့် ၂၄၄ ရွာ၊ အလှူရှင်လှူဒါန်းငွေဖြင့် ခြောက်ရွာ၊ အခြားအစီအစဉ်ဖြင့် ၉၃ ရွာ စုစုပေါင်းကျေးရွာ ၂၅၇ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၃၄၃ ခုကို ဆောင်ရွက်နိုင်ခဲ့၍ ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပညာရေးတက္ကသိုလ် (၁၉၇၄-၁၉၇၉ခုနှစ်) ပုလဲရတု မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ပညာရေးတက္ကသိုလ်၌ ၁၉၇၄ခုနှစ်မှ ၁၉၇၉ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသူကျောင်းသားဟောင်းများစုပေါင်း၍ နှစ် (၃၀)မြောက် ပုလဲရတု မြတ်ဆရာပူဇော်ပွဲကို ယခုနှစ်အတွင်း မဟာသင်္ဃသုခကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အဆိုပါနှစ်များအတွင်း ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသူ ကျောင်းသားဟောင်းများ ပူဇော်ပွဲအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးအောင်ကို ဖုန်း-၀၁-၂၂၁၉၁၃၊ ဦးစိုးမြင့် ဖုန်း-၀၁-၆၃၅၈၆၁၊ ဦးနေဝင်းသော်-ဒေါ်ခင်ချိုချို ဖုန်း-၀၉-၅၁-၅၉၄၁၅၊ ဦးဖေဝင်းသန့် ဖုန်း-၀၂-၆၄၆၁၅၊ ဦးစိုးမြင့်အောင် ဖုန်း-၀၂-၇၀၁၉၅၊ ဦးရဲမြင့် ဖုန်း-၀၆၀-၂၁၄၀၃၊ ဒေါ်အယ်လ်ခွန်းရီ ဖုန်း-၀၁-၅၄၉၀၉၇၊ ဒေါ်နန္ဒာမွန် ဖုန်း-၀၁-၅၁၅၀၅၆၊ ဒေါ်တင်တင်ရှု ဖုန်း-၀၁-၅၅၇၃၀၉၊ ဒေါ်ခင်ကြွယ် ဖုန်း-၀၁-၅၄၃၄၃၆၊ ဒေါ်နှင်းနှင်းမော် ဖုန်း-၀၂-၆၆၆၈၆၊ ဒေါ်မြမြလေး ဖုန်း-၀၅၇-၂၇၀၇၀တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၀၀ **ဂင်္ဂါမြစ်မှ သာခုသံ** တရားတော် [ဘဒ္ဒန္တပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)]
၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၄)
၇:၃၀ TOM & JERRY
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ လေလွင့်ခြင်း၏ ရွှေရောင်ခြေလှမ်းသစ်
၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် ကင်းကောင်နှင့် တွေ့ဆုံခြင်း)
၉:၃၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉:၄၅ မြို့ပြခရီး (Uruguay နိုင်ငံမှ Montevideo မြို့အကြောင်း)
၁၀:၁၀ သို့သွားမြေမှ စပျစ်ချို
၁၀:၄၅ တေးဂီတအစီအစဉ်
၁၁:၀၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ဖက်ထုပ်ပြုတ်၊ ဝက်သားစဉ်းကောဆလတ်)
၁၁:၂၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၁၁:၄၀ Yangon Panorama (အထက-၃၊ ပဲခူးမြတ်ဆရာပူဇော်ပွဲ)
၁၂:၀၀ ထက်မြက်ထူးခြား Aikido အားကစား
၁၂:၂၅ VJ Choice
၁၂:၅၀ ဂမုန်းရေလှောင်တမံ
၁:၀၀ **ဂင်္ဂါမြစ်မှ သာခုသံ** တရားတော် [ဘဒ္ဒန္တပညာဝံသ (ပုပ္ပားစကားဝါမြေဆရာတော်)]
၁:၅၅ **အလျော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၂:၀၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၂:၂၅ ဆေးဖက်ဝင် သစ်ခွ၏ အသုံးဝင်မှုများထဲမှ…
၂:၃၅ Art Vision (Zone)
၂:၄၅ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၃:၀၀ လူ့ပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၂)
၃:၂၅ တေးဂီတအစီအစဉ်
၃:၄၀ လှပဒီဇိုင်းထွင် ပိုးထည်အဆင်
၄:၀၀ အင်းအလှနဲ့သစ်ခွသဘင်(အပိုင်း-၂)
၄:၂၀ Box Office Movies (The Curious Case of Benjamin Button)
၄:၅၅ Fragrant Rice(အပိုင်း-၂)
၅:၂၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် ကင်းကောင်နှင့် တွေ့ဆုံခြင်း)
၅:၄၅ ပျိုမေတို့လှစေဖို့ (အပိုင်း-၂)
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ VJ Choice
၆:၄၀ MRTV-4 စာအုပ်စင်ကဏ္ဍ (မေတ္တာစွမ်းအားနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများစာအုပ်ကို ရေးသားသူ သုခမ္မမဏိဇောတခရ စံချိန်မီ ဦးလှထွန်းနှင့်တွေ့ဆုံခြင်း)
၇:၁၅ Shooting Location [မမနုအိမ် (သို့မဟုတ်) သုံးထပ်အိမ်ကြီး]
၇:၄၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ဖက်ထုပ်ပြုတ်၊ ဝက်သားစဉ်းကောဆလတ်)
၈:၀၀ MRTV-4 သတင်း
၈:၁၅ မြို့ပြခရီး (Uruguay နိုင်ငံမှ Montevideo မြို့အကြောင်း)
၈:၄၀ Hotel Guide (Lucky Dragon Hotel)
၉:၀၀ Box Office Movies (The Curious Case of Ben jamin Button)
၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၁၄)
၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၄၅ လူ့ပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၂)
၁၂:၁၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၁၂:၃၅ Shooting Location [မမနုအိမ် (သို့မဟုတ်) သုံးထပ်အိမ်ကြီး]
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

24-4 (02).pmd 1 4/24/2009, 2:25 AM

နွေစပါးများ စိုက်ကေပြည့်မီအောင်စိုက်ပျိုး စီမံကိန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဧပြီ ၂၀ရက်တွင် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီးရှိ ဆင်တပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်လတ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ၂၀၀၈-၂၀၀၉ ခုနှစ် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက နွေစပါး စိုက်ဧက လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားကာ ဆင်တပ်လျှပ်စစ်မြစ်ရေတင်မှ နွေစပါးစိုက်ဧရိယာများသို့ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် မြင်းမူမြို့နယ် ပျော့ရွာကျေးရွာအနီးရှိ ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက စီမံကိန်းအမြန်အကောင်အထည်ဖော်ပြီးစီးရေးနှင့် စစ်ကိုင်းခရိုင်အတွင်း ဆန်ဖူလုံမှုရှိစေရေးအတွက် လိုအပ်သည်များကို အသေးစိတ်မှာကြားကာ ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရေသွင်းစိုက်ပျိုး

အဆိုပါ ဆင်တပ်နှင့် ပျော့ရွာမြစ်ရေတင်စီမံကိန်းများ ပြီးစီးပါက ဆင်တပ်လျှပ်စစ်မြစ်ရေတင်မှလယ်မြေ ၁၆၂၄ ဧက၊ ယာမြေ ၄၈၇၆ဧက၊ စုစုပေါင်းဧက ၆၅၀၀ နှင့် ပျော့ရွာလျှပ်စစ်မြစ်ရေတင်မှ လယ်မြေ ဧက ၁၃၀၀၊ ယာမြေ ဧက ၃၇၀၀၊ စုစုပေါင်း ဧက ၅၀၀၀တို့ကို တစ်နှစ်ပတ်လုံးရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်သည်။ လက်ရှိစီမံကိန်း ဆောင်ရွက်နေစဉ်ကာလအတွင်း ဆင်တပ်လျှပ်စစ် မြစ်ရေတင်မှ နွေစပါး ၅၄၀ ဧကနှင့် ပျော့ရွာလျှပ်စစ်မြစ်ရေတင်မှ နွေစပါး ဧက ၅၀၀ တို့ကို ရေသွင်းစိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်၊ စက်မှု အသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့်တွဲဖက်အတွင်းရေးမှူး(၃) ဦးတင်မောင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး(၄) ဒေါက်တာမျိုးသက်နှင့် တွဲဖက်အတွင်းရေးမှူး(၅) ဒေါက်တာပွင့်ဆန်းတို့ပါဝင်သော အဖွဲ့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ Mr. Feroz Ahmed, Secretary ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၁ ဦးတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၆ ရက်က အသင်းချုပ်ရုံးသို့လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ပို့ကုန်ပစ္စည်းများကို တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေးကိစ္စ၊ ငွေပေးချေမှု လွယ်ကူချောမွေ့စေရေးအတွက် ဘဏ်လုပ်ငန်းအစီအမံများ ဆောင်ရွက်နိုင်ရေးကိစ္စနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မအူပင်-ပံတပွတ် ကျေးရွာသွားလမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မအူပင်-ပံတပွတ်ကျေးရွာသွားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြတ်သန်းကြည့်ရှု

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဧပြီ ၂၁ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ညောင်တုန်းမြို့ လမ်းမတော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုသည်။

အဆိုပါ လမ်းမတော်ကတ္တရာလမ်းသည် လမ်းအရှည် ပေ ၂၇၀၀၊ အကျယ် ၁၆ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လမ်းဖြစ်သည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ပန်းတနော်မြို့နယ် အင်းမ-အင်းတကော-ခရေကန်- ခနော်လမ်း၊ ဖြန့်ကြီး-တိုက်တန်းလမ်းပိုင်း ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ အင်းမ - အင်းတကော - ခရေကန်-ခနော်လမ်းသည် ပုသိမ်-ရန်ကုန်ကားလမ်းမကြီးနှင့် ခနော်ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားသော အရှည် ၁၂မိုင်ရှိ မြေသားလမ်းဖြစ်ကာ ယင်းမြေသားလမ်းပေါ်တွင် စည်ပင်သာယာရေးဦးစီးဌာနခွင့်ပြု ရန်ပုံငွေဖြင့် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည် သုံးမိုင်၊ အကျယ် ၁၂ပေရှိ ကျောက်ချောလမ်းကို ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ယင်းလမ်းဖောက်လုပ်ပြီးစီးခြင်းဖြင့် ပန်းတနော်မြို့နယ် အင်းမ၊ အင်းတကော၊ ခရေကန်နှင့် ခနော်ကျေးရွာ အုပ်စုလေးစု၊ ကျေးရွာ ၃၉ ရွာမှ ကျေးရွာနေပြည်သူများအတွက် ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးအား ယင်းဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အထက(၁) သဃ်န်းကျွန်း(အထက်တန်း) ၁၉၈၅-၁၉၉၀ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ပထမအကြိမ် အလှူငွေပေးအပ်ပွဲ

ရန်ကုန် ဧပြီ ၂၃

အထက(၁) သဃ်န်းကျွန်း(အထက်တန်း)ကျောင်းသားကျောင်းသူဟောင်း (၁၉၈၅-၁၉၉၀) တို့၏ မြတ်ဆရာပူဇော်ပွဲအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို သပြေဆောင်ခန်းမ အထက(၁) သဃ်န်းကျွန်း၌ ဧပြီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်း မည်သူမဆို တက်ရောက်လှူဒါန်းကြရန်နှင့် ဦးတင်ထွန်း ဖုန်း-၀၉-၅၁-၁၃၃၃၀၊ ဦးမိုးမြင့် ဖုန်း-၀၉-၅၀-၅၀၅၃၃၊ ဦးဆန်းလင်း ဖုန်း-၀၉-၅၅-၀၀၁၀၁၊ ဦးသိန်းဒန် ဖုန်း- ၀၉-၅၁-၂၈၂၂၅၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း) ဖုန်း-၅၆၄၃၀၁၊ ဦးအောင်ခိုင်စိုး ဖုန်း-၀၉-၅၀-၃၃၃၀၄၊ ဦးကျော်ဆန်း ဖုန်း-၅၇၃၅၇၇၊ ဦးဝင်းဇော်ထွန်း ဖုန်း-၀၉-၅၁-၀၆၀၈၅၊ ဦးကျော်သူ ဖုန်း-၀၉-၈၀-၃၄၈၇၇ နှင့် ဦးမျိုးဝင်းလှိုင် ဖုန်း-၀၉- ၅၁-၇၀၄၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပန်းတနော်မြို့နယ် အင်းမ-အင်းတကော-ခရေကန်-ခနော်လမ်း၊ ဖြန့်ကြီး-တိုက်တန်းလမ်းပိုင်း ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(နယ်စပ်/စည်ပင်)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

အီဂျစ်နှင့်ဂါဇာကမ်းမြောင်ဒေသနယ်စပ်ဖြစ်သည့် ရာဖာမြို့တွင် အီဂျစ်နိုင်ငံသို့ သွားရောက်မည့်သူများအား မေ ၂၀ရက်က တွေ့ရစဉ်။ (အီဂျစ်နှင့် ဂါဇာနယ်စပ်ကို ပိတ်ထားခဲ့ရာမှ မေ ၁၉ရက်နှင့် ၂၀ရက်တို့တွင် ပြန်လည်ဖွင့်ပေးခဲ့သည်။) (အင်တာနက်ဓာတ်ပုံ)

တမီးလ်ကျားသူပုန်များနှင့် တိုက်ခိုက်မှုရပ်စဲရန် ဗြိတိန်ဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက် သီရိလင်္ကာသမ္မတပယ်ချ

ကိုလံဘို မေ ၂၃

သီရိလင်္ကာအစိုးရတပ်ဖွဲ့ဝင်များနှင့် တမီးလ်ကျားသူပုန်များအကြား စစ်ရေးအရ တိုက်ခိုက်မှုများရပ်စဲရန် ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၏ မေတ္တာရပ်ခံချက်ကို သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပါကီက ပယ်ချကြောင်း သမ္မတအတွင်းဝန်ရုံးက ထုတ်ပြန်သည့် သတင်းပြန်တမ်းတွင် ဖော်ပြထားသည်။

ပယ်ချ

ဗြိတိန်ဝန်ကြီးချုပ်နှင့် သီရိလင်္ကာသမ္မတရာဂျာပါကီတို့နှစ်ဦး မတ် ၂၀ရက်က တယ်လီဖုန်းနှင့် ဆက်သွယ်၍ ဆွေးနွေးခဲ့ကြရာ လူလူချင်း စာနာထောက်ထားရေးပြဿနာ ကိုင်တွယ်ဖြေရှင်းရေးအတွက် ဘရောင်းက အထူးသံတမန်တစ်ဦးကို သီရိလင်္ကာသို့ စေလွှတ်ရန် ကမ်းလှမ်းခဲ့မှုကိုလည်း သီရိလင်္ကာသမ္မတက ပယ်ချခဲ့သည်။

အာမခံချက်ပေး

နေရာရွှေ့ပြောင်းနေသည့် အရပ်သားများ နေထိုင်ရာဒေသများတွင် မြေမြှုပ်မိုင်းများရှင်းလင်းပြီး ပတ်ဝန်းကျင်အခြေအနေ စိတ်ချလက်ချရှိပါက အချိန်တိုအတွင်း ၎င်းတို့ နေထိုင်ခွင့်ရရှိစေရန် ရာဂျာပါကီက ဂေါ်ဒွန်ဘရောင်းအား အာမခံချက်ပေးသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းခွင်တစ်နေရာကို မေ ၂၀ရက်က တွေ့ရစဉ်။

(ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် အမေရိကန်နိုင်ငံတစ်ဝန်း၌ မော်တော်ကားရောင်းအားများ ကျဆင်းလျက်ရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

အမေရိကန်-တောင်ကိုရီးယား လွတ်လပ်စွာကုန်သွယ်ရေး မူကြမ်း အတည်ပြုချက်ရရှိ

ဆိုးလ် မေ ၂၃

တောင်ကိုရီးယားနှင့်အမေရိကန် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်(အက်ဖတီအေ)ကို တောင်ကိုရီးယားနိုင်ငံအမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးရာ၊ ကုန်သွယ်ရေးနှင့် ပေါင်းစည်းရေးကော်မတီက မေ ၂၂ ရက်တွင် မူကြမ်းအဖြစ် အတည်ပြုလိုက်သည်။

နှစ်ဖက်သဘောတူ

တောင်ကိုရီးယားနှင့်အမေရိကန် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် (အက်ဖတီအေ)ကို ဇွန်လအတွင်း ကျင်းပမည့် တောင်ကိုရီးယား အမျိုးသားလွှတ်တော် မျက်နှာစုံညီအစည်းအဝေးက အပြီးသတ်အတည်ပြုပေးမည်ဖြစ်သည်။ ၂၀၀၇ ခုနှစ်အတွင်းကပင် နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးကိစ္စကို နှစ်ဖက်သဘောတူခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေနုတ်မြောင်းအတွင်း ဘတ်စ်ကားထိုးကျ ဖိလစ်ပိုင်၌ နှစ်ဦးသေဆုံး ၄၄ဦးဒဏ်ရာရ

မနီလာ မေ ၂၃

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် မီတာ ၂၀၀နက်သည့် ရေနုတ်မြောင်းအတွင်းသို့ မေ ၂၂ရက်က ဘတ်စ်ကားထိုးကျသွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၄၄ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသခံမီဒီယာများက သတင်းထုတ်ပြန်သည်။

ပြောကြား

စီဘူးမြို့အနီး ဘူဆေးကျေးရွာအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများမှာ အသက်လေးနှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် အသက်၄၄နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုးကျသွား

ရှေ့မှ ထရပ်ကားကိုရှောင်တိမ်းလိုက်စဉ် ကားမှာဘရိတ်ပေါက်သွားကာ ရေနုတ်မြောင်းအတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်သည်ဟု ယာဉ်မောင်းသူက ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်မြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုခံရပြီးနောက် အပျက်အစီးများကို မေ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆီးရီးယားဝန်ကြီးချုပ် အီရတ်သို့ လာရောက်လည်ပတ်

ဘဂ္ဂဒက် မေ ၂၃

ဆီးရီးယားဝန်ကြီးချုပ် နာဂျီအယ်အိုတာရီသည် အီရတ်နိုင်ငံသို့ မေ ၂၁ရက်က လာရောက်လည်ပတ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ဆက်ဆံရေးနွေးထွေး

အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန်အာဏာရသည့် ၁၉၇၉ ခုနှစ်ကတည်းက ဆီးရီးယားနှင့်အီရတ်ဆက်ဆံရေး တင်းမာလာခဲ့သည်။ ဤခရီးစဉ်က အီရတ်နှင့်ဆီးရီးယားနှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်နွေးထွေးလာသည့် လက္ခဏာဖြစ်ကြောင်း ပြသနေခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

နျူကလီးယားစက်ရုံ ငါးရုံ ၂၀၀၉ ခုနှစ်အတွင်း တရုတ် တည်ဆောက်မည်

ပေကျင်း မေ ၂၃

တရုတ်နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသရှိ ပြည်နယ်များတွင် ယခုနှစ်အတွင်း နျူကလီးယားစက်ရုံငါးရုံတည်ဆောက်မည်ဖြစ်ကြောင်း မေ ၂၀ရက်က ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပြောကြား

၎င်းနျူကလီးယားစွမ်းအင်ဆိုင်ရာ စီမံကိန်းငါးခုကို တရုတ်နိုင်ငံ အရှေ့ပိုင်းရှိ ကျိကျန်းပြည်နယ်၊ ရှန်တုံပြည်နယ်၊ တောင်ပိုင်းရှိ ကွမ်တုံပြည်နယ်နှင့် ဟေနန်ပြည်နယ်တို့၌ တည်ဆောက်မည်ဖြစ်ကြောင်း အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးရာ(အင်န်အီးအေ) အစည်းအဝေး၌ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မျှော်မှန်းထား

ယင်းလုပ်ငန်းစီမံကိန်းများကို ယခုနှစ်စက်တင်ဘာလတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ ၂၀၁၃ ခုနှစ်တွင် စတင်လည်ပတ်နိုင်မည်ဖြစ်ပြီး နျူကလီးယားစွမ်းအင် ၁ ဒသမ ၂၅ သန်း ကီလိုဝပ်စတင်ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားရှိသည်။

ထုတ်လုပ်

လက်ရှိတွင် တရုတ်နိုင်ငံ အရှေ့ပိုင်းကမ်းရိုးတန်းဒေသရှိ နျူကလီးယားစက်ရုံခြောက်ခုရှိ ဓာတ်ပေါင်းဖို၁၁ခုမှ နျူကလီးယားစွမ်းအင် ၉ ဒသမ ဝ၇သန်း ကီလိုဝပ်ထုတ်လုပ်နိုင်သည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးရောဂါဖြင့် အီဂျစ်အမျိုးသမီးတစ်ဦး သေဆုံး

ကိုင်ရို မေ ၂၃

အီဂျစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်ပြန့်ပွားမှုကြောင့် မေ ၂၂ရက်တွင် အသက်၂၅နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးကြောင်း၊ ယင်းသေဆုံးသူ အမျိုးသမီးမှာ အီဂျစ်နိုင်ငံ၌ ၂၅ဦးမြောက်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

စတင်ဖြစ်ပွား

သူမသည် ကိုင်ရိုမြို့ အနီးဝန်းကျင်ရှိ အယ်မူရာဒေသ၌ ယခုလအစောပိုင်းက ကြက်ငှက်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားကာ ပြည်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ်အတွင်းမှာပင် သေဆုံးခဲ့သည်။

ကိုင်ရိုမြို့တောင်ပိုင်းရှိ ဆိုဟာန်ဒေသ၌လည်း ယခုလအတွင်း လေးနှစ်သားအရွယ်ကလေးငယ်တစ်ဦး ၎င်းရောဂါဖြင့် သေဆုံးခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အီဂျစ်နိုင်ငံ၌ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားခဲ့ရာ မွေးမြူရေးခြံများမှ ကြက်များ သေဆုံးပြီး ယင်းနှစ်မတ်လ တွင် လူသို့ပထမဆုံးအကြိမ် စတင်ကူးစက်ခဲ့သည်။

(အင်တာနက်)

အေ-၃၅၀ အဲဘတ်စ်ထုတ်လုပ်ရေး မော်စကိုတွင် သဘောတူလက်မှတ်ရေးထိုး

မော်စကို မေ ၂၃

ရုရှားနိုင်ငံ မော်စကိုမြို့၌ သိပ္ပံနှင့်နည်းပညာအဖွဲ့မှ အကြီးအကဲဆာဂျီချမ်မီဇာနှင့် အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ တွမ်အန်ဒါစွန်တို့သည် အေ-၃၅၀ အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေးအတွက် (ဗွီအက်စ်အမ်ပီအို)ကုမ္ပဏီမှ လိုအပ်သည့် သတ္တုထုတ်ကုန်ပစ္စည်း လေးဘီလီယံဖိုး ရောင်းချရန် သဘောတူလက်မှတ်ရေးထိုးကြောင်း ရုရှားနယူးစ်အေဂျင်စီက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

၎င်းအေ-၃၅၀အဲဘတ်စ် လေယာဉ်ထုတ်လုပ်ရေးကို ၂၀၁၂ပြည့်နှစ် မတိုင်မီ ထုတ်လုပ်အသုံးပြုနိုင်ရန် စီမံကိန်းချမှတ်လျက်ရှိကြောင်း အီတာတက်သတင်းဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံ၏ နှစ်ကာလရှည်ကြာစွာ အကြီးမားဆုံးသော စက်မှုလုပ်ငန်းစီမံကိန်းကို သဘောတူစာချုပ်ချုပ်ဆိုပြီးဖြစ်ရာ ယင်းလက်မှတ်ရေးထိုးမှုတွင် ရုရှားဝန်ကြီးချုပ်ဗလာဒီမာပူတင်လည်း တက်ရောက်ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်ရေတပ်၏ အကြိမ် (၆၀) မြောက် ရေကြောင်းစွမ်းရည် ပြပွဲကို မေ ၂၂ရက်က ကျင်းပရာ တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် ကင်ဒါအိုမြို့ ဆိပ်ကမ်းတွင် ပါဝင်ဆင်နွှဲခဲ့သည့် တောင်ကိုရီးယား ရေတပ် သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

24-4 (04).pmd 1 4/24/2009, 2:26 AM

အင်တာနက်ကျန်းမာရေး

ရောဂါဇာစ်မြစ်ကို ရှာဖွေဖော်ထုတ်နိုင်မည့် ဆီးချိုအမျိုးအစား-၂ဆေးဝါးဖြင့် ဆီးချိုဝေဒနာရှင်များအား မကြာမီ တိုက်ကျွေးကုသနိုင်တော့မည်ဟုဆို

လူသုံးဦးလျှင် တစ်ဦး၌ တွေ့ရတတ်သည့် ဆီးချိုအမျိုးအစား-၂ ခံစားနေရသည့် ဆီးချိုဝေဒနာရှင်များအား ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာ သစ်သီးများကို စားသောက်ရန်နှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပိုမိုလုပ်ဆောင်ရန် တိုက်တွန်း အကြံပေးနေရမည့်အစား မကြာမီ ဆီးချိုဆေးဝါးများဖြင့် တိုက်ကျွေးကုသနိုင်တော့မည်ဖြစ်ကြောင်း ရှာဖွေတွေ့ရှိချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရောဂါဇာစ်မြစ်ရှာဖွေဖော်ထုတ်နိုင်

ဗြိတိန်နိုင်ငံ အနောက်တောင်ပိုင်းရှိ လူ ၆၅၀ကို လေ့လာရာတွင် ယင်းဆေးသောက်သုံးသည့် ၃၆ရာခိုင်နှုန်းမှာ တစ်လတာကာလအတွင်း ၎င်းတို့၏ရောဂါဇာစ်မြစ် ရှာဖွေဖော်ထုတ်နိုင်သည်ကို တွေ့ရှိရကြောင်း ဗြိတိန်နိုင်ငံတွင် ကျင်းပသည့် ဆီးချိုညီလာခံ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော်လည်း ယင်းဆီးချိုရောဂါကို ထိန်းချုပ်နိုင်ရန် ပထမဦးဆုံးအနေဖြင့် လူနေမှုပုံစံကို ပြောင်းလဲရန်ကြိုးစားရမည်ဖြစ်ကြောင်း ယင်းရှာဖွေတွေ့ရှိမှုများက ထောက်ပြထားသည်။

အထောက်အကူပြု

ယင်းဆီးချိုဆေးဝါးများသည် ပြည်သူများ၏ ကျန်းမာရေးအခြေအနေကို တိုးတက်ကောင်းမွန်လာစေရန် အထောက်အကူပြုကြောင်း ကျန်းမာရေးဦးစီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ရှာဖွေဖော်ထုတ်

တိုးတက်သောခေတ်တွင် ဆီးချိုဆေးဝါးများ ပေါ်ထွက်လာလင့်ကစား ဓာတ်စာစားခြင်းနှင့် လေ့ကျင့်ခန်းလုပ်ခြင်းတို့သည် ဆီးချိုကုသရာတွင် ပထမဦးစားပေး ဖြစ်သင့်ကြောင်း ဂျီပီတော်ဝင်ကောလိပ်က သဘောတူထောက်ခံထားသည်။ ဗြိတိန်နိုင်ငံတွင် ဆီးချိုအမျိုးအစား-၂ ဆေးဝါးများဖြင့် တစ်နေ့လျှင် ဆီးချိုဝေဒနာရှင် ၄၀၀ကျော်၏ ရောဂါဇာစ်မြစ်ကို ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ဘဝဒဿန

- *Character must be kept bright, as well as clean.*
- *အကျင့်စာရိတ္တကို သန့်ရှင်းစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သကဲ့သို့ တောက်ပြောင်နေရန်လည်း ဆောင်ရွက်ရမည် ဖြစ်သည်။*

လော့ဒ်ချတ်စတာဖီးလ်ဒ်
(အင်္ဂလိပ်လူမျိုးစာရေးဆရာ)

သတင်းအက်ဆေး

မော်လဒိုက်သမ္မတနိုင်ငံဆိုသည်မှာ....



မော်လဒိုက်သမ္မတနိုင်ငံသည် အိန္ဒိယနိုင်ငံ၏အနောက်တောင်ဘက် အိန္ဒိယသမုဒ္ဒရာဒေသတွင် တည်ရှိသည်။ ဤနိုင်ငံကို ကျွန်းပေါင်း ၁၂၀၀ နီးပါးဖြင့် ဖွဲ့စည်းထားသော ကျွန်းနိုင်ငံဖြစ်သည်။ မည်သည့်သန္တာကျွန်းမျှ ရေမျက်နှာပြင်အထက် ခြောက်ပေထက်မပိုပေ။

စာရင်းဝင်နိုင်ငံ

ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်နှင့်အမျှ ကျွန်းနိုင်ငံအများအပြားမှာ ကမ္ဘာ့မြေပုံမှ ပျောက်ကွယ်ရမည့် အန္တရာယ်ရှိသည်။ ဤနိုင်ငံသည် ထိုသို့သော မဆိုစကောင်း ဆိုစကောင်း စာရင်းဝင်နိုင်ငံဖြစ်သည်။

ဤနိုင်ငံသည် အဏ္ဏဝါကိုမှီ၍ ရပ်တည်သောမျိုးစိတ် အများအပြားအသက်ရှင်ရာနေရာ၊ သဲသောင်ယံဖြင့် သာယာသောပင်လယ်ကမ်းခြေများရှိခြင်းကြောင့် အပူပိုင်းဒေသ၏ သုခဘုံတစ်ခုအဖြစ် ခရီးသွားကုမ္ပဏီများက တင်စားကြသည်။

အစောင့်အရှောက်ခံနယ်မြေဘဝ

မော်လဒိုက်ဒေသကို ပေါ်တူဂီက ၁၅၅၈ ခုမှ ၁၅၇၃ ခုအထိ သိမ်းပိုက်ထားသည်။ ဒေသခံတိုင်းရင်းသားတို့၏ တိုက်ထုတ်မှုကြောင့်သာ ပေါ်တူဂီကဆုတ်ခွာပေးသည်။ ၁၇ ရာစုတွင် သီဟိုဠ်(သီရိလင်္ကာ)ကို အုပ်စိုးသည့် ဒတ်ချ်တို့၏ အစောင့်အရှောက်ခံနယ်မြေဘဝသို့ ကျရောက်သွားသည်။

ထို့နောက် ၁၇၉၆ ခုနှစ်တွင် သီဟိုဠ်နိုင်ငံကို ဗြိတိသျှတို့လက်လွှဲယူလိုက်သောအခါ အုပ်စိုးသူအသစ်လက်အောက်သို့ ဤနိုင်ငံရောက်ရှိသွားပြန်သည်။

မူလအခြေအနေ

၁၈၈၇ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဗြိတိသျှအစောင့်အရှောက်ခံနိုင်ငံဖြစ်လာသည်။ ၁၉၃၂ခုနှစ်တွင် ပထမဆုံးဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီး နိုင်ငံခေါင်းဆောင်ကို ရွေးချယ်ရသည့် ပသီနယ်ပယ်တစ်ခုဖြစ်လာသည်။ ၁၉၅၃ ခုနှစ်တွင် ပသီနယ်ပယ်ကို ဖျက်သိမ်းပြီး နေသဟာယအဖွဲ့တွင်းမှ သမ္မတနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ သို့သော် လပိုင်းအတွင်းတွင် မူလအခြေအနေသို့ ပြန်ရောက်သည်။

၁၉၆၅ခုနှစ်တွင် နေသဟာယအဖွဲ့ ပြင်ပမှလုံးဝလွတ်လပ်သော ပသီနိုင်ငံဖြစ်လာသည်။ ၁၉၆၈ခုနှစ်တွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြီးနောက် သမ္မတနိုင်ငံ ထူထောင်သည်။ အီဗရာဟင်နာဆာမှာ မော်လဒိုက်သမ္မတနိုင်ငံ၏ သမ္မတဖြစ်လာသည်။ ၁၉၇၈ခုနှစ်တွင် သမ္မတနာဆာ အငြိမ်းစားယူသွားသောအခါ မာမွတ်အယ်ဂရွန် သမ္မတဖြစ်လာသည်။ ၂၀၀၅ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးကို ပါလီမန်က တညီတညွတ်တည်း မဲပေးဆုံးဖြတ်လိုက်သည်။

မြှင့်တင်ပေးနိုင်မည်

၂၀၀၅ခုနှစ်ဩဂုတ်လတွင် အတိုက်အခံပါတီခေါင်းဆောင် မိုဟာမက်နာရှစ်အား အကြမ်းဖက် လှုံ့ဆော်မှုဖြင့် စွဲချက်တင်သည်။ ၂၀၀၆ခုနှစ်မတ်လတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် လမ်းပြမြေပုံကို သမ္မတဂရွန်က ထုတ်ပြန်ကြေညာသည်။ ထိုအစီအစဉ်က ပါတီစုံရွေးကောက်ပွဲစနစ်ကို မြှင့်တင်ပေးနိုင်မည်ဟုလည်း သမ္မတက ကြေညာသည်။

၂၀၀၆ခုနှစ် ဩဂုတ်လတွင် အကြမ်းဖက်မှုလှုံ့ဆော်သည်ဆိုကာ ထောင်ဒဏ် ၁၀ နှစ် ကျခံရသူ အတိုက်အခံထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျင်နီဖာလက်ဟီးအား သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။ သို့သော် ဂျင်နီဖာလက်ဟီးက လက်မခံဘဲ သူမ၏ အမှုကိုပြန်လည်စစ်ဆေးရန် တောင်းဆိုသည်။

ကြေညာ

၂၀၀၇ ခုနှစ် မေလတွင် သီရိလင်္ကာမှ တမီးလ်ကျားသူပုန်များဟူ၍ မသင်္ကာသူများ လိုက်ပါလာသည့် ရေယာဉ်တစ်စင်းကို ကမ်းခြေစောင့်သင်္ဘောက ပစ်ခတ်နှစ်မြှုပ်လိုက်ကြောင်း ဤနိုင်ငံအစိုးရက ကြေညာသည်။

၂၀၀၇ ခုနှစ် ဩဂုတ်လတွင် သမ္မတအုပ်ချုပ်ရေးစနစ် ထူထောင်ရေးသမ္မတ၏ အဆိုပြုချက်ကို ပြည်သူ့ဆန္ဒခံယူပွဲက ထောက်ခံလိုက်သည်။ ထိုနှစ်စက်တင်ဘာတွင် မြို့တော်မာလီ၌ ဗုံးပေါက်ကွဲသဖြင့် ခရီးသည် ၁၂ဦးဒဏ်ရာရရှိခဲ့သည်။

တိုးတက်လာ

ခရီးသွားလုပ်ငန်းမှာ ဤနိုင်ငံအတွက် အရေးပါသော စီးပွားရေးလုပ်ငန်းဖြစ်သည်။ ပြည်သူများ ကြွယ်ဝချမ်းသာသည့်ဘဝသို့ မရောက်သေးသည့်တိုင်အောင် အခြေခံအဆောက်အအုံများ တိုးတက်လာခဲ့သည်။ ရေလုပ်ငန်းအပါအဝင် လုပ်ငန်းများ အထိုက်အလျောက် တိုးတက်သည်။ ကျန်းမာရေး၊ ပညာရေးစာတတ်မြောက်မှုတို့ကို မြှင့်တင်လာနိုင်သည်။

နှိုးဆော်

၂၀၀၄ ခုနှစ် ဒီဇင်ဘာလက ဆူနာမီလှိုင်းဒဏ်ကို အများနည်းတူ ဤနိုင်ငံတွေ့ကြုံခဲ့ရသည်။ အပန်းဖြေစခန်းများပျက်စီးကုန်သည်။ ထိုသို့သော အတွေ့အကြုံက ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ရေး ဝိုင်းဝန်းဆောင်ရွက်ရန် နှိုးဆော်လိုက်သကဲ့သို့ရှိသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်နှင့် အမျှ ကျွန်းနိုင်ငံအများအပြားမှာ ကမ္ဘာ့မြေပုံမှ ပျောက်ကွယ်ရမည့် အန္တရာယ်ရှိ၊ ဤနိုင်ငံသည် ထိုသို့သော မဆိုစကောင်း ဆိုစကောင်း စာရင်းဝင်နိုင်ငံဖြစ်။

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ဆေးပညာသိပ္ပံ

ပုံတူမျိုးပွား ဆိတ်မလေး အီရန်သိပ္ပံပညာရှင်များ အောင်မြင်စွာမွေးထုတ်

အစ္စဖာဟန် ဧပြီ ၂၃

အီရန်နိုင်ငံအစ္စဖာဟန်တော်ဝင်သိပ္ပံတွင် ပထမဆုံးသော ပုံတူမျိုးပွားဆိတ်မလေးကို ဧပြီ၂၂ရက် နံနက် ၁နာရီခွဲက ခွဲစိတ်မွေးဖွားပေးလိုက်သည်။

ကျန်းမာရေးကောင်းမွန်

ဟန်နာဟု အမည်ပေးလိုက်သည့် ယင်းပုံတူမျိုးပွား ဆိတ်မလေးမှာ အရှေ့အလယ်ပိုင်းဒေသတွင် ပထမဆုံးနှင့် ကမ္ဘာပေါ်တွင် ပဉ္စမမြောက် ပုံတူမျိုးပွားမွေးဖွားလာသည့် ဆိတ်မလေးဖြစ်သည်။ မွေးဖွားပြီးနောက်ပိုင်း ယခုအထိ ဆိတ်မလေး၏ ကျန်းမာရေးမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မွေးဖွား

အီရန်နိုင်ငံသည် ၂၀၀၆ခုနှစ် စက်တင်ဘာ ၃၀ရက်က ပထမဆုံးသော ပုံတူမျိုးပွား သိုးကလေး ရိုယာနာကို အဆိုပါတော်ဝင်သိပ္ပံမှာပင် မွေးဖွားခဲ့သည်။

မျှော်မှန်း

မျိုးစပ်ဆိတ်များ အများအပြား ထုတ်လုပ်ရေးအတွက် ယနေ့ ပုံတူမျိုးပွား ဆိတ်မလေးမျိုးတို့ကို အသုံးချရန် အီရန်သိပ္ပံပညာရှင်များက မျှော်မှန်းထားကြောင်း သိရသည်။

(အင်တာနက်)

ဘဝအမောပြေ

သြော် ဉာဏ်ကြီးရှင်....

တစ်နေ့တွင် ဆရာနှင့်တပည့်နှစ်ဦး ထွေရာလေးပါး စကားလက်ဆုံကျနေကြလေသည်။ အတန်ကြာစကားပြောပြီးနောက် ဆရာက သူသင်ကြားပေးထားသော ဗဟုသုတများကို တပည့်ဖြစ်သူ မည်သည့်အတိုင်းအတာအထိ မှတ်သားနိုင်သည်ကို စမ်းသပ်လိုသဖြင့် မေးခွန်းတစ်ခု မေးလေသည်။

ဆရာ ။ ။သဘာဝလောကကြီးကို တည်နေနိုင်အောင် ပေါင်းစပ်ဖွဲ့စည်းထားတဲ့ ဓာတ်ကြီးလေးပါးကို ပြန်ပြောပြစမ်းပါဦး တပည့်ရာ။
တပည့် ။ ။ မြေ။
ဆရာ ။ ။ ဆက်ပြောစမ်းပါဦး။
တပည့် ။ ။ လေ။
ဆရာ ။ ။ ပြီးတော့ကော။
တပည့် ။ ။ မီး။
ဆရာ ။ ။ နောက်တော့ကော။
တပည့် ။ ။ အင်း-ပြီးတော့...ပြီးတော့။

တပည့်မေ့နေသော ဓာတ်တစ်ပါးကို အရိပ်အမြွက်မျှသိစေရန် ထောက်ပြလိုသဖြင့် ဆရာက ရိုးတိုးရိပ်တိပ် ပြောပြလေသည်။

ဆရာ ။ ။မင်းရဲ့လက် သန့်ရှင်းအောင် ဘာကိုသုံးပြီး ဆေးကြောရသလဲကွာ။
တပည့် ။ ။ ဆပ်ပြာကို သုံးရပါတယ်ဆရာ။
ဆရာ ။ ။ 'ဘာကွ'

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဟုမ္မလင်း၌ သက်ကြီးပူဇော်

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် နောင်ပကျစ်ရပ်ကွက် ခိုပဝဲရပ်တွင် စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ၁၇ရက် နံနက်စနာရီက ခိုပဝဲလမ်းဆုံတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ (ခေတ္တ) မြို့နယ်ရဲမှူး ဒုတိယရဲမှူးညွန့်ဇော်တက်ရောက်အမှာစကားပြောကြားပြီး အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွား ၃၂ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

လှိုင်းဘွဲ့မြို့မဈေး၌ ဈေးရောင်းချမှုစစ်ဆေး

လှိုင်းဘွဲ့မြို့မဈေးအတွင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ စနစ်တကျ ရောင်းချနေမှုအခြေအနေကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ဖေဖော်ဝါရီ ၁၀ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကြည်သက်မောင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးကောင်းမြို့မဈေး၌ ဈေးရောင်းချမှုစစ်ဆေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စွာလင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာရဲထွန်းတို့နှင့်အတူ မတ် ၂၈ရက်က မိုးကောင်းမြို့ မြို့မဈေးအတွင်း ပြည်ပမှ တရားမဝင် တင်သွင်းသယ်ဆောင်လာသည့် ကြက်ဥများ ဖြန့်ဖြူးရောင်းချခြင်းမရှိစေရန် စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။(ဝဝ၁)

မီးဘေးကြိုတင်ကာကွယ်ရေး ညောင်ရွှေ၌ စစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ တပ်စုမှူး ဦးရန်နိုင်ဝန်းနှင့် တပ်ခွဲမှူးမင်းချစ်သုတို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ဧပြီ ၄ရက်က မြို့မ (၈)ရပ်ကွက်သို့ကွင်းဆင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးချိတ်၊မီးကပ်၊ သဲအိတ်၊ ရေအိတ်များထားရှိမှုကို လိုက်လံစစ်ဆေးဆောင်ရွက်ကြသည်။ (ဝ၂၁)

ကျောက်ချောလမ်း ပြန်လည်ပြုပြင်ရေး ဆွေးနွေး

နွားထိုးကြီး၊ ထန်းဇင်၊ ပဲချက်၊ ဝက်လူး၊ မြို့သာ၊ တံတားဦး ကျောက်ချောလမ်း(၂၂)မိုင် ပြန်လည်ပြုပြင်ရေးဆွေးနွေးပွဲကို ဧပြီ ၁ရက်က ဝက်လူးကျေးရွာ၌ ကျင်းပရာ ဆွေးနွေးပွဲမှ ၁၉၉၆-၁၉၉၈ခုနှစ်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရန်ပုံငွေကျပ်သိန်း ၂၅၀အကုန်အကျခံ ဖောက်လုပ်ခဲ့သော ကျောက်ချောလမ်းကို ပုဂ္ဂလိကကုမ္ပဏီနှင့် ပူးပေါင်း၍ ဒုတိယအကြိမ် ပြန်လည်ပြုပြင်ကြမည်ဖြစ်သည်။ (ဝ၉၂)

နွေရာသီအားကစားသင်တန်း ရေစကြို၌ဖွင့်

မကွေးတိုင်း ရေစကြို မြို့နယ်ပညာရေးဌာနမှ ဦးဆောင်လျက် နွေရာသီအားကစားသင်တန်းဖွင့်၍ ဘောလုံးအားကစားအပါအဝင် အားကစားနည်း ခြောက်မျိုးကို ဧပြီ ၁ရက်မှ ၁၀ရက်အထိ ရေစကြိုမြို့ အထက(၁)အားကစားကွင်းတွင် နည်းပြဆရာ ၂၉ဦးတို့က နေ့စဉ် စာတွေ့လက်တွေ့များ သင်ကြားပြသပေးခဲ့သည်။ (ဝ၆၉)

မြိတ်၌ မီးဘေးကာကွယ်ရေး ကြိုတင်လေ့ကျင့်

မြိတ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၂၂ရက် နံနက် ၁၀နာရီက ဆိပ်ငယ်ရပ်ကွက် မြို့မစည်ပင်သာယာဈေးကြီးရှေ့၌ကျင်းပရာ မြို့နယ် စည်ပင်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်းပါဝင်လေ့ကျင့်ကြသည်။ (မြို့နယ်စည်ပင်)

ဖားကန့်၌ ရေပေးရေးလုပ်ငန်းဆောင်ရွက်

ဖားကန့်မြို့ မော်စမ်းရပ်ကွက်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ရေပေးရေးလုပ်ငန်းမှ ရေစက်အိမ်နှင့် ရေပိုက်လိုင်းများ ပျက်စီးမှုရှိမရှိနှင့် ရေလွှတ်တင်နိုင်မှုအခြေအနေကို ဧပြီ ၁၀ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနိုင်ထွန်းလှိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နတ်တလင်း၌ မြို့ပြကျေးလက် လမ်းတံတားစစ်ဆေး

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဧပြီ ၇ရက်က နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ပြ၊ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားသည်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း ဂီတနှင့် ကျန်းမာရေး

မြူးကြွသော တေးဂီတသံစဉ်များ နားထောင်လျှင် စိတ်ကျရောဂါ ဖြစ်ပွားရန် အခွင့်အလမ်းနည်းပါးဟုဆို

မြူးကြွသော တေဂီတသံစဉ်များကို နားထောင်ခြင်းသည် စိတ်ကျရောဂါဖြစ်ပွားနိုင်ရန် အခွင့်အလမ်းနည်းပါးစေကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

နိုးထစေ

စိတ်လှုပ်ရှားဖွယ်ရာ မြူးကြွသည့် တေးဂီတများသည် ဦးနှောက်ဆဲလ်များ လှုပ်ရှားမှုကို နိုးထစေကာ ဦးနှောက်တစ်သျှူးများကိုသန်မာစေကြောင်း လေ့လာတွေ့ရှိရသည်ဆိုသည်။

မြူးကြွသည့် တေးဂီတသံစဉ်များသည် လူ၏စိတ်ကို ပြောင်းလဲမှုများစွာ ဖြစ်ပေါ်စေရာ ကိုယ်လက်လှုပ်ရှားမှုများပါ ပေါင်းစပ်လိုက်ပါက စိတ်ဓာတ်တက်ကြွစေပြီး စိတ်ရွှင်လန်းမှုကို ဖြစ်ပေါ်စေကြောင်း သိရသည်။

စိတ်ဓာတ်တက်ကြွ

ထိုသို့စိတ်ဓာတ်တက်ကြွစေသည့် တေးဂီတသံစဉ်များမဟုတ်ဘဲ ဆွေးမြည့်သော တေးဂီတသံစဉ်များမှာ စိတ်ကျရောဂါ ဖြစ်ပွားစေရန် တွန်းအားပေးသလိုဖြစ်နေကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ကျရောဂါ

တစ်နေ့လျှင် မြူးကြွသော ဂီတသံစဉ်ကို မိနစ် ၄၀ ခန့် နားထောင်သူ ၁၅၀၀၀ ကို သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ စိတ်ကျရောဂါဖြစ်ပွားသူ နည်းပါးကြောင်း သိရသည်။ ။ (အင်တာနက်)

အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် နည်းပြ၊ သရုပ်ပြရာထူး လူတွေ့နှုတ်ဖြေ စာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

ရန်ကုန် ဧပြီ ၂၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ လစ်လပ်လျက်ရှိသော နည်းပြ၊ သရုပ်ပြ(လစာနှုန်းကျပ် ၃၉၀၀၀-၁၀၀၀-၄၄၀၀၀) ရာထူးတွင် ခန့်ထားရန်အတွက် ဖေဖော်ဝါရီလအတွင်း ရေးဖြေစာမေးပွဲဖြေဆိုခဲ့သူများ၏ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးမြို့နှင့် ဦးစီးဌာနများအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ထုတ်ပြန်ကြေညာထားသည်။

သတင်းပို့

သို့ဖြစ်၍ လူတွေ့နှုတ်ဖြေ စာမေးပွဲစစ်ဆေးခြင်းကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်မြို့၌ မေ ၂ရက် (စနေနေ့)နှင့် ၃ရက် (တနင်္ဂနွေနေ့) တို့တွင် ကျင်းပမည်ဖြစ်ရာ လူတွေ့စစ်ဆေးခံရမည့်သူများသည် ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရုံးချိန်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ရန်ကုန်မြို့သို့ မပျက်မကွက် သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြိုးတန်းဇာတ်ကား ဆက်လက်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဧပြီ ၂၃

နယ်သစ်ဦးရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးခင်မောင်ဇော်နှင့် ဒေါ်အေးအေးမင်းစီစဉ်ပြီး ဒါရိုက်တာမီးပွားရိုက်ကူးသည့် ကြိုးတန်းဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဒုတိယပတ်မြောက် ဆက်လက်ပြသနေဆဲဖြစ်သည်။

ဟစ်တလာနှင့် နာဇီများအား လုပ်ကြံ သတ်ဖြတ်ရန် လျှို့ဝှက် ကြံစည်နေသော တွမ်ခရုဇ်နှင့် အပေါင်းပါများ။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် ဒုတိယကမ္ဘာစစ်သမိုင်းနောက်ခံဇာတ်ကား **Valkyrie** ပြနေဆဲ ဖြစ်သည်။ တွမ်ခရုဇ်က **Valkyrie** စစ်ဆင်ရေးကို ဦးဆောင်ပြီး အာဏာရှင် ဟစ်တလာနှင့် သူ၏ နာဇီအစိုးရအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းပုံများကို ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

တဝကြီးခံစား

ရှေ့ဆောင်ရုံတွင် **Billu Barber** အိန္ဒိယဇာတ်ကားနှင့် မြို့မရုံတွင် အိန္ဒိယနိုင်ငံ ဖလင်ဖဲယား ၁၀ဆုရ ဇာတ်ကား **Dilwale Duthania le jayenge** ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသား ရှာရွတ်ခန်း၊ မင်းသမီး ကာဂျိုးလ်နှင့် အမ္ဘရစ်ပူရီတို့ အဓိကပါဝင်ထားသည်။ လန်ဒန်၊ စပိန်၊ ဆွစ်ဇာလန်နိုင်ငံများသို့ပါ သွားရောက် ရိုက်ကူးထားသဖြင့် အနောက်နိုင်ငံများ၏ သဘာဝရှုခင်းများကို တဝကြီးခံစားရမည် ဖြစ်သည်။

ကြိုးတန်းဇာတ်ကားမှ ငါးစိမ်းသည် စိုးမြတ်သူဇာနှင့် ထွန်းအိန္ဒြာဗို။

အက်ရှင်ဇာတ်ကား

ဘုရင့်ရုံတွင် စူနီးလ်ရှက်သီး၊ ဆာလ်အလီခန်းနှင့် မင်းသမီး ဆိုနာလီတို့ အဓိကပါဝင်ထားသော **တို့လိုလူ ဇမ္ဗူမှာ ရှိရဲ့လား** အမည်ရ Humse Badhkar Kaun အိန္ဒိယအက်ရှင်ဇာတ်ကား ရုံဝင်လာသည်။ အမွှာညီအစ်ကိုနှစ်ဦးအကြောင်း ဇာတ်လမ်းဆင် ရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဖြစ်သည်။

ရွှေယောက်ဖရုံတင်

ကြပ်ကလေး၏ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာအောင်ဩဘာ ရိုက်ကူးသည့် **ရွှေယောက်ဖ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် ရန်အောင်၊ ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်၊ ကျော်ဇေယျ၊ ဇင်မျိုး၊ သတ္တိနှင့် မေထွဋ်ခေါင်တို့ ပါဝင်ထားသည်။ ဒရမ်မာဇာတ်ကား ကြိုက်ပရိသတ်အတွက် တင်ဆက်ထားသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနား မြင်းခြံ၌ကျင်းပ

မြင်းခြံ ဧပြီ ၂၃

ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကို မြင်းခြံခရိုင် ပြည်သူ့ဆေးရုံ၌ ဧပြီ ၈ရက် နံနက်၉နာရီခွဲက ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ဖတ်ကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းအောင်က အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အကြောင်း ရှင်းလင်းဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ရွှေ မြို့မ မင်္ဂလာဈေးအတွင်း စနစ်တကျရောင်းဝယ်ရေးဆောင်ရွက်

ညောင်ရွှေ ဧပြီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာရေးအတွက် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိရာ ဧပြီ၅ရက်က အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်ဦးက ဦးဆောင်၍ ရုံးဝန်ထမ်းများသည် မြို့မမင်္ဂလာဈေးကြီးအတွင်း ဈေးသည်များ စနစ်တကျရောင်းဝယ်ရေးနှင့် ဈေးဆိုင်ခန်းများ သန့်ရှင်းရေးအတွက် ကွင်းဆင်းကြည့်ရှုဆောင်ရွက်ကြောင်း သိရသည်။ (ဝ၂၁)

● ရွှေဖုံးမှ

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဦးစံသွင် ဦးစီးမှူး(မြို့ပြ)၏ ပို့ဆောင်ပေးမှုကြောင့် သထုံမြို့ရှိ ရပ်ကွက် ငါးရပ်ကွက်မှ လူဦးရေ ၆၈၇၃၀ အတွက် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းသောက်သုံးရေဖြန့်ဝေပေးခြင်းလုပ်ငန်းကို လေ့လာခွင့်ရခဲ့သည်။

သထုံမြို့အရှေ့ဘက် တစ်မိုင်ခွဲခန့် အကွာရှိ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားသော ဝါးပါးရေလှောင်တမံမှ ဆည်ရေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အချင်း ၂၄ လက်မရှိ ကွန်ကရစ်ပိုက်လုံးများဖြင့် အဆင့်ဆင့်သွယ်ယူကာ မြို့နယ်အတွင်းသို့ သောက်သုံးရေများပေးဝေနေခြင်းဖြစ်သည်။

ဝါးပါးရေလှောင်တမံကို ထိန်းသိမ်းတာဝန်ယူနေသော ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး သထုံမြို့မှ ဦးလှမြိုင် ဒုတိယဦးစီးမှူး(မြို့ပြ)နှင့် တွေ့ဆုံခဲ့သည်။ "နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ မွန်ပြည်နယ် သထုံမြို့နယ် ဝါးပါးချောင်းကို ပိတ်ကာ ဝါးပါးရေလှောင်တမံကြီးကို တည်ဆောက်ခဲ့ပါတယ်။ ၁၉၉၄ခုနှစ်မှာ ဖွင့်လှစ်ခဲ့တာပါ။ ယခင်က သထုံမြို့နယ်မှ သောက်သုံးရေရရှိဖို့ ကိုယ့်အားကိုယ်ကိုး ရေတွင်းများ တူးဖော်ပြီး ရေသုံးစွဲခဲ့ရပါတယ်။ မြေကလည်း ဂဝံကျောက်မြေဖြစ်လို့ အနက်ပေ ၆၀ အထိ ခက်ခက်ခဲခဲ တူးဖော်ပြီး ရေသုံးစွဲခဲ့ရပါတယ်။ အခုတော့ ဝါးပါးရေလှောင်တမံ ဆည်ရေနဲ့ မြို့လူထုသောက်သုံးရန် တစ်ရက်ကို ရေဂါလန် ၂ ဒသမ ၄၃ သန်းနဲ့၊ ဂေါ့ကျေးရွာအုပ်စု၊ ဘင်လှိုင်ကျေးရွာအုပ်စု၊ သိမ်းကုန်းကျေးရွာအုပ်စုက လယ်မြေဧက ၂၄၀၀ အတွက် ရေပေးခဲ့ပါတယ်။ နွေစပါး ဧက ၅၀၀ အတွက်လည်း ရေပေးပါတယ်။ နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၂၀၀ကျော် ရလို့ ပိုလျှံတဲ့ရေကို ရေပိုလွှဲနဲ့ ထုတ်ပစ်လိုက်ရပါတယ်။ မြို့ရေပေးခြင်းကိုလည်း ရေအလေအလွင့်မဖြစ်အောင်ထိန်းသိမ်းပြီး လူတစ်ဦးတစ်ရက်ဂါလန်၂၀နှုန်းနဲ့ ၂ကုဗပေ စက္ကန့်နဲ့ပေးဝေပါတယ်" ဟု မြန်မာ့အလင်းသို့ပြောကြားသည်။

ဝါးပါးရေလှောင်တမံမှ ဆည်ရေများကို လယ်မြေဧက ၂၄၀၀ အတွက် ရေသွယ်မြောင်းများမှတစ်ဆင့် ဤသို့ ထုတ်လွှတ်ပေးသည်။
(မြန်မာ့အလင်း)

ရေပေးဝေပုံ

ဝါးပါးရေလှောင်တမံမှ ဆည်ရေကို မြို့နယ်အတွင်း မည်သို့ ရေပေးသည်ကို သိရှိနိုင်ရန် သထုံမြို့နန်းခဲရပ်ကွက် ရုံးကြီးလမ်းရှိ မြို့နယ်စည်ပင်သာယာအဖွဲ့ရုံးသို့ရောက်ရှိခဲ့သည်။ လက်ထောက်ညွှန်ကြားရေးမှူးအမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် အငယ်တန်းအင် ဂျင်နီယာ(မြို့ပြ) ဒေါ်ခင်မိုးနှင်းတို့က မြို့နယ်အတွင်းရေပေးဝေပုံကို ရှင်းလင်းပြောကြားသည်။

ပို့လွှတ်ပေး

သထုံမြို့နယ်ရပ်ကွက်လေးရပ်ကွက်မှ အိမ်ခြေပေါင်း ၇၈၂၇အတွက် နေ့စဉ် ဂါလန်ပေါင်း ၆၃၀၀၀၀ ပို့လွှတ်ပေးလျက်ရှိကြောင်း၊ လူများသောက်သုံးရန် သင့်တော်ကြောင်း၊ ရေအရည်အသွေး စစ်ဆေးပြီးမှသာ ရေပေးခြင်းဖြစ်ပါကြောင်း၊ တိုးချဲ့ပြီး တစ်နေ့ပေးဝေနိုင်သော ရေဂါလန်ပမာဏသည် ငါးသိန်းကျော် ရှိသဖြင့် တစ်ရက် ရေဂါလန် ၁၁သန်းကျော် ပေးဝေနိုင်ပါကြောင်း၊ ဝါးပါးဆည်မှ ပို့လွှတ်သောရေကို အချင်း ၂၄လက်မ၊ ကွန်ကရစ်ပိုက် အရှည်ပေ၃၄၃၀ဖြင့် ဂါလန် ၆၀၀၀၀ဆံ့ ရေစုကန်သို့ သွယ်ယူကာ မြသပိတ် တောင်ခြေရှိ ဂါလန် ၃၀၀၀၀၀ ဆံ့ရေလှောင်ကန်သို့ ရေတွန်းမော်တာဖြင့် တင်ပို့ ရေသိုလှောင်ခဲ့ကြောင်း၊ ထိုရေသိုလှောင်ကန်မှတစ်ဆင့် မြို့ရပ်ကွက်များသို့ စနစ်တကျသောက်သုံးရေများကို ရေမီတာများတပ်ဆင်၍ ရေများဖြန့်ဝေပေးခဲ့ပါကြောင်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူး အမှုဆောင်အရာရှိ ဦးမြင့်သိန်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

"မြို့လူထုသောက်သုံးရန် နေ့စဉ်ရေ ဂါလန် ၆၃၀၀၀၀ ကို ပို့လွှတ်ပေးနေပါတယ်"
ဦးမြင့်သိန်း
လက်ထောက်ညွှန်ကြားရေးမှူး
အမှုဆောင်အရာရှိ။

"မြို့လူထု သောက်သုံးရေနဲ့ လယ်မြေဧက ၂၄၀၀အတွက် ဆည်ရေကို ဝါးပါးရေလှောင်တမံက ထုတ်လွှတ်ပေးပါတယ်"
ဦးလှမြိုင်(ဒုတိယဦးစီးမှူး)မြို့ပြ
ဝါးပါးရေလှောင်တမံ။

တမံရေ

ဆည်မြောင်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး ရေလှောင်တမံမှ ဆည်ရေကို မြို့နေလူထုသောက်သုံးရေ ဖူလုံရေးနှင့် လယ်မြေဧက၂၄၀၀အတွက် ဆည်ရေပေးဝေနိုင်မှုများသည် နိုင်ငံ၏ဖွံ့ဖြိုးစည်ပင်မှု တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ဖော်ပြလိုက်ရပါသည်။ ။
(မြန်မာ့အလင်း)

သထုံမြို့ အရှေ့ဘက် တစ်မိုင်ခွဲခန့် အကွာရှိ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားသော ဝါးပါးရေလှောင်တမံမှ ဆည်ရေများကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့က အချင်း ၂၄ လက်မရှိ ကွန်ကရစ် ပိုက်လုံးများဖြင့် အဆင့်ဆင့်သွယ်ယူကာ မြို့နယ် အတွင်းသို့ သောက်သုံးရေများ ပေးဝေနေ။



တစ်နာရီရေဂါလန် ၈၂၅၀၀ကို အမြင့်မီတာ၉၀အထိ ရေစုကန်သို့ မြင်းကောင်ရေ ၁၅၀ရှိ မော်တာသုံးလုံး ရေတင်ပန့်နှစ်လုံးဖြင့် တင်လွှတ်ပေးသည်။
(မြန်မာ့အလင်း)

■ ကျောဖုံးမှ

ခိုင်မာတောင့်တင်း စေရေးတို့အတွက် အဓိကဖော်ဆောင်ပေးနေသည့် အခြေခံအကျဆုံး စီးပွားရေးကဏ္ဍ တစ်ရပ်ဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာရေးရည်မှန်းပြီး ဆည်မြောင်းတာတမံများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးကြီးများစသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးနေခြင်းဖြစ်သည်။

ထိုသို့ တည်ဆောက်ပေးခဲ့ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်ခဲ့သော ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသည်လည်း တစ်ခု ပါဝင်ပြီး ရဲနွယ်ရေလှောင်တမံကို ၂၀၀၆ခုနှစ် မတ်၂၂ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ဘက်စုံ

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ စစ်တောင်းမြစ်ဝှမ်းဒေသအတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိရန် ရာသီမရွေး ဆည်ရေပို့လွှတ်ပြီး သီးထပ်စိုက်ပျိုးနိုင်စေရန် ယခင်က ရေကြီးရေနက်ကွင်းများဖြစ်နေသည့် ပွန်တန်ဆာလွင်ပြင်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပဲခူးလွင်ပြင်တို့ကို ရေလွှမ်းမိုးမှုကကာကွယ်ပေးရန်အပြင် ဒေသနေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် မြင့်မားသော ရည်မှန်းချက်အသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးခဲ့သည့် ဘက်စုံစီမံကိန်းတစ်ရပ်ဖြစ်သည်။

အကျိုးကျေးဇူး

ရဲနွယ်ရေလှောင်တမံ၏ အကျိုးကျေးဇူးများသည် အခြားသော စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးအစီအမံများနှင့် စနစ်တကျပေါင်းစပ်မိပြီး ပွန်တန်ဆာလွင်ပြင်အပါအဝင် ပဲခူးတိုင်းအတွင်းတွင်ရှိသည့် ယခင်က စိုက်ပျိုး၍မဖြစ်သည့် ရေကြီး ရေနက်ကွင်းနှင့် ရေငန်ဝင်ရောက်ရာဒေသများသည် စိုက်ပျိုးဖြစ်ထွန်းသော အဖိုးတန် လယ်မြေများအဖြစ် ပြောင်းလဲခဲ့ပေပြီ။

ရဲနွယ်တမံ ဘက်စုံစီမံကိန်းက လယ်မြေဧက ၁၁၈၅၀၀နှင့် သီးနှံစိုက်ဧက ၂၃၇၀၀၀ကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ရေလှောင်တမံကြီးသည် တမံအမြင့် ၂၅၁ပေ နှင့် တမံအလျားပေ ၁၀၅၀ရှိပြီး ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၀၀ ရှိကြောင်း သတင်းမှတ်စု မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။
(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၃-၄-၂၀၀၉

နေပြည်တော် (သပြေကုန်း)	၀ ဒသမ ၂၀ လက်မ
နေပြည်တော် (လယ်ဝေး)	၀ ဒသမ ၁၆ လက်မ
မုဒုံ	၁ ဒသမ ၆၅ လက်မ
ကော့သောင်း	၁ ဒသမ ၁၈ လက်မ
ကသာ	၀ ဒသမ ၉၀ လက်မ

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၂၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီ စင်တီဂရိတ်၊ ရခိုင်ပြည်နယ်၊မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီ စင်တီဂရိတ် ပိုခဲ့ပြီး စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ ဒီဂရီ စင်တီဂရိတ်စီ၊ မြင်းခြံမြို့နှင့်ချောက်မြို့တို့တွင် ၄၁ ဒီဂရီ စင်တီဂရိတ်စီ တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(သပြေကုန်း)တွင် ၀ဒသမ ၂၀လက်မ၊ နေပြည်တော်(လယ်ဝေး)တွင် ၀ဒသမ ၁၆လက်မ၊ မုဒုံမြို့တွင် ၁ဒသမ ၆၅လက်မ၊ကော့သောင်းမြို့တွင် ၁ဒသမ ၁၈လက်မ၊ ကသာမြို့တွင် ၀ဒသမ ၉၀လက်မ၊ ထားဝယ်မြို့တွင် ၀ဒသမ ၅၁လက်မနှင့် တောင်ငူမြို့တွင် ၀ဒသမ ၄၀လက်မ တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီလ ၂၄ ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊မွန်ပြည်နယ်၊မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

✻ ကျောဖုံးမှ

မန္တလေးတိုင်း မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်းပါရှိသော မိတ္ထီလာလွင်ပြင်ဒေသသည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၂၉လက်မသာ ရွာသွန်းသဖြင့် စိုက်ပျိုးရေအတွက် ဆည်၊ တမံများကိုသာ အားထားရသော ဒေသတစ်ခုဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ကင်းတားဆည်နှင့် စမုံချောင်းတို့၏ရေသောက်ဧရိယာအတွင်း ပါဝင်သောလယ်မြေများမှာ မိုးသီးနှံသာမက နွေသီးနှံကိုပါ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အကောင်အထည်ဖော်

နိုင်ငံတော်အကြီးအကဲ၏မိတ္ထီလာလွင်ပြင်ဒေသ ရေရရှိရေးနှင့်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရန် လမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနသည် ဆည်ရေသောက် ဧရိယာအတွင်း မပါဝင်သော လယ်မြေများကို စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အထည်ဖော်ခဲ့ရာ ယခုအခါ စီမံကိန်း၏ ၄၂ ဒသမ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် စီမံကိန်းပြီးစီးရန် ရည်မှန်းချက် ချမှတ်၍ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

““ဒီဒေသမှာ စီမံကိန်း အကောင်အထည် ဖော်ရတာ တောင်သူတွေကလည်း စိုက်ချင်ပျိုးချင်တဲ့ ဆန္ဒရှိလို့ လုပ်ရတာ အဆင်ပြေပါတယ်””

ဦးသူရဝင်း(ဦးစီးအရာရှိ)
တူးမြောင်းနှင့်
အဆောက်အအုံတာဝန်ခံ
မိတ္ထီလာလွင်ပြင်
ရေရရှိရေးလျှပ်စစ်ရေတင်စီမံကိန်း

““ရေတင်အဆင့် ရှစ်ဆင့်မှာ ခုနစ်ဆင့်က စီမံကိန်းဧရိယာထဲမှာ ပါဝင်ပြီး တစ်ဆင့်က ကင်းတားရေလှဲဆည်အတွင်းမှာ တည်ဆောက်ရပါတယ်””

ဦးသန့်ဇော်
(ဒုတိယညွှန်ကြားရေးမှူး)
စီမံကိန်းတာဝန်ခံ
မိတ္ထီလာလွင်ပြင်
ရေရရှိရေးလျှပ်စစ်ရေတင်စီမံကိန်း

မြို့ကြီးရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ပြောင်းပြာနှင့် ငလိုင်းဇင်ရေသောက်စနစ်များသို့ မြို့ကြီး ဆည်မှ ရေပေးဝေနိုင်ရေးနှင့် ကင်းတားရေလှဲဆည်တွင် ပိုမိုလာမည့် ရေများကို ရေတင်စက်ရုံ တည်ဆောက်၍ ရေစုပ်တင်ကာ မိတ္ထီလာလွင်ပြင် ဒေသကို ကာလမှာပင် စိုက်ပျိုးမြေများသို့ ရေပေးဝေနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အကျိုးပြုဧရိယာ

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း၏ အကျိုးပြုဧရိယာအတွင်း၌ ဝမ်းတွင်းမြို့နယ်မှ မြေတိုင်ကန်၊ ညောင်ပင်သာ၊ ခင်ကြီး၊ ဘုရားစု၊ ဒိုင်ကောင်းကုန်းနှင့် သဘွတ်ကုန်းကျေးရွာ အုပ်စု၊ သာစည်မြို့နယ်မှ ဘူးရုံ၊ သပြေဝ၊ ဝက်တိုး၊ ဝမ်းသာ၊ ဟံဇား၊ ညောင်ပင်သာ၊ သဲပုံ၊ ကျောက်ပနား၊ ဘွဲ့ခြား၊ သာဂရ၊ ငှက်ကြီးသိုက်၊ ယင်းမာရိုး၊ ကန်ရှည်၊ ရွာပုလဲ၊ ရွာကြီးနှင့် ကြာဘတ်ကုန်း ကျေးရွာအုပ်စုတို့ ပါဝင်ကြသည်။

ဆည်မြောင်းရေအသုံးပြု

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင် စီမံကိန်း၏ စီမံကိန်းတာဝန်ခံ ဦးသန့်ဇော်(ဒုတိယညွှန်ကြားရေးမှူး)အား စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို မေးမြန်းရာတွင် ““ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော် တည်ဆောက်ရတဲ့ လုပ်ငန်းတွေဟာ အများအားဖြင့် မြစ်ကရေတင်တဲ့ မြစ်ရေတင် လုပ်ငန်းတွေ ဖြစ်ပါတယ်။ မိတ္ထီလာလွင်ပြင် ရေရရှိရေး စီမံကိန်းကတော့ အတွက် ဆည်မြောင်းရေကို အသုံးပြုပြီး တည်ဆောက်ရတဲ့ စီမံကိန်းဖြစ်ပါတယ်။

ပေါင်းစပ်ဆောင်ရွက်

ရေတင်အဆင့် ရှစ်ဆင့်မှာ ခုနစ်ဆင့်က စီမံကိန်းဧရိယာထဲမှာ ပါဝင်ပြီး တစ်ဆင့်က ကင်းတားရေလှဲဆည် အတွင်းမှာ တည်ဆောက်ရပါတယ်။ ကင်းတားရေလှဲဆည်နဲ့ မိုင် ၄၀ လောက် ကွာဝေးတာကြောင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းမှု ပိုများပြီး ရေဆုံးရှုံးမှုလည်း ပိုများပါတယ်။ တည်ဆောက်ရေးလုပ်တဲ့ နေရာမှာ အဓိက အခက်အခဲကတော့ မြေကြီး အမျိုးအစား(Soil Type) ညံ့တာပါပဲ။ မြောင်းတစ်မြောင်း ရေရှည်ခံဖို့အတွက် မြေသားဖိသိပ်ရတဲ့လုပ်ငန်းတွေ ပိုလာပါတယ်။ တူးပြီးသားမြေကို ဖို့ပြီးထားရုံနဲ့မရပါဘူး။ ဖိကြိတ်နိုင်မှသာ မြောင်းခိုင်ခံ့မှုရှိပါတယ်။ ရေအရင်းအမြစ် နည်းပါးတဲ့ ဒေသမှာ ဧက ၃၀၀၀၀ကို စိမ်းလန်းစိုပြည်အောင် လုပ်ရတာ အခက်အခဲအချို့ ကြုံတွေ့ရမှာဖြစ်ပေမယ့် အလားတူ စီမံကိန်းတွေကအတွေ့အကြုံတွေကိုပေါင်းစပ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်””ဟု ပြောကြားသည်။

အကျိုးခံစား

တူးမြောင်းနှင့် အဆောက်အအုံပိုင်းကို တာဝန်ယူဆောင်ရွက်ရသူ တစ်ဦးဖြစ်သော ဦးသူရဝင်း (ဦးစီးအရာရှိ)အား လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မေးမြန်းရာတွင် ““အရင်က ဒီဒေသက ရွာတွေမှာ စိုက်ပျိုးနိုင်ခြင်းမရှိလို့ ခြောက်သွေ့နေပါတယ်။ တည်ဆောက်ဆဲကာလမှာ ရေပေးနိုင်လို့ ရေသောက်ဧရိယာအတွင်းက လယ်မြေတွေ စိမ်းလန်းလာပြီး တောင်သူတွေ အကျိုးခံစားကြရပါတယ်။ အရင်က ကင်းတားရေလှဲဆည် ရေသောက်ဧရိယာအတွင်း ပါဝင်တဲ့မြေတွေသာ စိမ်းလန်းစိုပြည်ခဲ့ရာက အခုဆိုရင် ဝမ်းတွင်းမြို့နယ်ထဲက ခြောက်သွေ့နေတဲ့ လယ်မြေတွေပါ စိမ်းလန်းစိုပြည်လာပါပြီ။ စီမံကိန်းတစ်ခုလုံး ပြီးစီးသွားရင် မိတ္ထီလာလွင်ပြင်တစ်ခုလုံး စိမ်းလန်းစိုပြည် လာတော့မှာပါ””ဟု ပြောကြားသည်။

မိတ္ထီလာလွင်ပြင် ရေရရှိရေးလျှပ်စစ်ရေတင်စီမံကိန်း၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း မိုးစပါးဧက ၁၀၀၀အတွက် ရေတင်၍ စိုက်ပျိုးရေပေးဝေနေမှုကို ညှိသို့တွေ့ရသည်။ (သတင်းစဉ်)

မိတ္ထီလာလွင်ပြင် ရေရရှိရေးလျှပ်စစ်ရေတင်စီမံကိန်း၏ ရေတင်စက်ရုံတွင် တပ်ဆင်အသုံးပြုမည့် ရေစုပ်စက်ပန့်များကို ညှိသို့တွေ့ရသည်။ (သတင်းစဉ်)

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင် စီမံကိန်း၏ အကျိုးပြု ဧရိယာအတွင်း၌ ဝမ်းတွင်းမြို့နယ်မှ မြေတိုင်ကန်၊ ညောင်ပင်သာ၊ ခင်ကြီး၊ ဘုရားစု၊ ဒိုင်ကောင်းကုန်းနှင့် သဘွတ်ကုန်း ကျေးရွာအုပ်စု၊ သာစည်မြို့နယ်မှ ဘူးရုံ၊ သပြေဝ၊ ဝက်တိုး၊ ဝမ်းသာ၊ ဟံဇား၊ ညောင်ပင်သာ၊ သဲပုံ၊ ကျောက်ပနား၊ ဘွဲ့ခြား၊ သာဂရ၊ ငှက်ကြီးသိုက်၊ ယင်းမာရိုး၊ ကန်ရှည်၊ ရွာပုလဲ၊ ရွာကြီးနှင့် ကြာဘတ်ကုန်း ကျေးရွာအုပ်စုတို့ ပါဝင်။

ရေပေးဝေမည့်စီမံကိန်း

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင် စီမံကိန်းသည် မန္တလေးတိုင်း မိတ္ထီလာခရိုင်ဝမ်းတွင်းမြို့နယ်အတွင်းတည်ရှိပြီး ကင်းတားရေလှဲဆည်မှ ရေအရင်းအမြစ်ကို အသုံးပြု၍ စိုက်ပျိုးမြေဧက ၃၀၀၀၀ ကို ရေပေးဝေမည့် စီမံကိန်းဖြစ်ရာ ဝမ်းတွင်းမြို့နယ်အတွင်းမှ ဧက ၈၀၀၀နှင့် သာစည်မြို့နယ်အတွင်းမှ ဧက ၂၂၀၀၀တို့ ပါဝင်သည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အစည်းအဝေး အမှတ် (၂/၂၀၀၄)၏ ခွင့်ပြုချက်အရ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသည် မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းကို ၂၀၀၄ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ မြေပြင်တိုင်းတာခြင်းလုပ်ငန်း၊ ဒေသတွင်း မိုးရွာသွန်းမှု အခြေအနေ၊ ချောင်းရိုးများအတွင်း ရေစီးဆင်းမှု အခြေအနေ၊ လက်ရှိ သီးနှံစိုက်ပျိုးနေမှုအခြေအနေတို့ကို စူးစမ်းလေ့လာ၍ ဒီဇိုင်းပုံစံရေးဆွဲပြီး တည်ဆောက် အကောင်

ရည်ရွယ်ဆောင်ရွက်

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင် စီမံကိန်းသည် စိုက်ပျိုးရေ ပေးဝေနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်သည်။

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်စီမံကိန်း၏ တည်ဆောက်ဆဲ မြစ်ကရေကိုတင်ရတာ မဟုတ်ပါဘူး။ မိတ္ထီလာလွင်ပြင်ထဲမှာ ပါဝင်တဲ့ ဧက ၃၀၀၀၀ကို ရေပေးနိုင်ဖို့က စမုံမြစ်နဲ့ ဧရာဝတီမြစ်တွေကို အားကိုးလို့မရတဲ့

မိတ္ထီလာလွင်ပြင် ရေရရှိရေးလျှပ်စစ်ရေတင်စီမံကိန်းမှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွင်း မိုးစပါးဧက ၁၀၀၀ အတွက် ရေပေးဝေနိုင်ခဲ့ရာ ယခင်က ခြောက်သွေ့၍ စိုက်ပျိုးနိုင်ခြင်းမရှိသော လယ်မြေများတွင် မိုးစပါးစိုက်ပျိုးနေမှုကို ညှိသို့တွေ့ရသည်။ (သတင်းစဉ်)

သီးထပ်စိုက်ပျိုးနိုင်

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင် စီမံကိန်း ပြီးစီးပါက မိတ္ထီလာလွင်ပြင် စီမံကိန်းဒေသတွင် စပါးဧက ၁၅၀၀၀၊ ဝါဧက ၅၀၀၀၊ ဆီထွက်ဧက ၅၀၀၀နှင့် အခြားဧက ၅၀၀၀ စုစုပေါင်း သီးထပ်စိုက်ဧက ၃၀၀၀၀တိုးချဲ့ သီးထပ် စိုက်ပျိုးလာနိုင်တော့မည်ဖြစ်ရာ နိုင်ငံတော်အတွက်သာမက ဒေသခံပြည်သူများအတွက်ပါ အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

သမိုင်းဝင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးအား ရွှေထီးတော်သစ်တင်လှူ ဆက်ကပ်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၃

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးအား ရွှေထီးတော်သစ် တင်လှူဆက်ကပ်ပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အောင်ဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တအာစရထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ကြာပန်းခိုင်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အောင်ဗိမာန်ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ကြာပန်းခိုင်၊ ဆပ်သွားဖူးနှင့် ခေါင်းလောင်းတော်များကို ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံလျက် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထက်သို့ ပင့်ဆောင်ပူဇော်ကြသည်။

တင်လှူပူဇော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခေါင်းလောင်းတော်၊ ဆပ်သွားဖူး၊ ကြာပန်းခိုင်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ **(သတင်းစဉ်)**

အရန်မီးသတ်သင်တန်းဖွင့်လှစ်ပို့ချ

နေပြည်တော် ဧပြီ ၂၃

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၂) နေပြည်တော်ပျဉ်းမနားရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်း ၂၂ဦးတို့အား ဧပြီ၇ရက်မှ ၉ရက်အထိ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး အရန်မီးသတ်သင်တန်းကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ခရိုင်မီးသတ်ဦးစီးဌာနမှူး ရဲကျော်စွာဦးဝင်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ဦးခင်မောင်ရီနှင့် တပ်ဖွဲ့ဝင်များက ကြီးကြပ်ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မြန်မာမုန့်ပြုလုပ်နည်း သင်တန်းပို့ချမည်

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်း (အဖွဲ့ချုပ်)နှင့် MRTV ၏ စားကြမယ်ဟေ့ ကောင်းကောင်း အစီအစဉ်မှ ဒေါ်မျိုးမျိုးခိုင် (Ki Ki Myanmar) တို့ ပူးပေါင်း၍ မသန်စွမ်းသူများ ကိုယ်ပိုင်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန် ရည်ရွယ်၍ မြန်မာမုန့်ပြုလုပ်နည်း နှစ်မျိုးကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (အဖွဲ့ချုပ်) တည်ရာ အမှတ်၅၁ ညောင်တုန်းလမ်း ကျွန်းတောတောင်ရပ်ကွက်စမ်းချောင်းမြို့နယ်တွင် ဧပြီ၂၉ရက် မွန်းလွဲ၁နာရီမှ ညနေ၄နာရီအထိ သင်ကြားပို့ချပေးမည်ဖြစ်ရာ စိတ်ပါဝင်စားတက်ရောက်လိုသူအသင်းဝင်များနှင့် မိသားစုဝင်များသည် ဖုန်း-၅၁၈၂၀၁သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။ **(၁၀၃)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၀၉ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၁၀	၆။	အတီးပြိုင်ပွဲ
၈း၃၀	၇။	International News
၈း၄၀	၈။	ကြေးမုံရိပ်သွင် တေးနယ်ဉ်
၈း၅၀	၉။	**ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္စလီတင့်၊ ဂွမ်းပုံ၊ ရော

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၂၅	၃။	စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း)
၄း၄၀	၄။	တေးဂီတအစီအစဉ်
၄း၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၁၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀	၇။	**ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ** ခန့်စည်သူ၊ဖြိုးငွေစိုး၊ ဝိုယ၊ ပုလဲဝင်း၊ ဖူးစုံ၊သဇင် [ဒါရိုက်တာ မြင့်စိုး(ဝ/သ)]
၅း၄၅	၈။	နှောင်းခေတ်တေးပဒေသာ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅	၁၂။	အပန်းဖြေလှည့်ပါ မြစ်ကမ်းခြေသာယာ
၇း၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ ရင်ခွင်** (အပိုင်း-၄)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၁၇)

ချောင်းဆုံမြို့နယ်မှ အိမ်တွင်းမှုလုပ်ငန်းများ

သတင်းခရီးသည် - နုနုရီနှင့် တင်တင်ဝင်း၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

တုတ်ကောက်လုပ်ငန်း

"ဒီတုတ်ကောက်လုပ်ငန်းဟာ ကျွန်တော်တို့ရဲ့ အိမ်တွင်းလက်မှုလုပ်ငန်းလေးပဲ ဖြစ်ပါတယ်" ဦးသောင်းသိန်း တုတ်ကောက်လုပ်ငန်း

ရန်ကုန် ဧပြီ ၂၃

တရိပ်ရိပ်ပြေးနေသော ပဲ့ချိတ်လှေပေါ်မှနေ၍ အဝေးတစ်နေရာတွင် စိမ်းညို့ညို့ ရွာစဉ်တန်းကို လှမ်းမြင်နေရသည်။

ရေပတ်လည် ဝိုင်းရံနေသော ရွာစဉ်တန်းကား အခြား မဟုတ်၊ ယခင်က သမိုင်းမှတ်တမ်းအရ ဘီလူးကျွန်းဟု လူသိများခဲ့ပြီး ယခုအခါ ချောင်းဆုံမြို့နယ်ဟု ခေါ်တွင်သော ကျွန်းပင်ဖြစ်သည်။

ဘီလူးကျွန်း ရွာလွတ်ဆိုလျှင် အိမ်တွင်းစက်မှုလက်မှု ထွန်းကားရာဒေသအဖြစ် လူသိထင်ရှားခဲ့သည်။ မိမိကိုယ်ပိုင်ဉာဏ်၊ကိုယ်ပိုင်ဟန်ဖြင့် တီထွင်သော စက်မှုလက်မှု အတတ်ပညာများ ပြည့်နှက်နေသည့် ဒေသတစ်ခုအဖြစ် ကျော်စောခဲ့သည်။ ထို့ကြောင့်လည်း ရန်ကုန်မြို့မှ ၁၉၉ မိုင်အကွာ မွန်ပြည်နယ် မော်လမြိုင်ခရိုင်တွင်တည်ရှိသည့် ချောင်းဆုံမြို့နယ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ခြေဆန့်ခဲ့ခြင်းပင်ဖြစ်သည်။

"ဒီဆေးတံ လုပ်ငန်းဟာ ကျွန်တော်တို့ မိရိုးဖလာ ဘိုးဘွားလုပ်ငန်းတစ်ခုပါပဲ"
ဦးအောင်သန်း ဆေးတံလုပ်ငန်း

ရွာလွတ်နှင့် ဆေးတံ

ချောင်းဆုံဆိပ်ကမ်း အရောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးပိုင်ရှင် ဦးအောင်သန်းက "ဒီဆေးတံလုပ်ငန်းဟာ ကျွန်တော်တို့ မိရိုးဖလာ ဘိုးဘွားလုပ်ငန်း တစ်ခုပါပဲ။ လုပ်ကိုင်ခဲ့တာ နှစ် ရာနဲ့ချီနေပါပြီ။

ဆေးတံတစ်ချောင်းဖြစ်ဖို့အတွက် ကုန်ကြမ်းဖြစ်တဲ့ သစ်ကို ပျဉ်းမ၊ ပါတယ်။ အဲဒီ သစ်တုံးဆိုရင် ဆေးတံနှစ်အိုးစာ အတော်ပါပဲ။ ဒါကို စက်နဲ့ဖြတ်ပြီး အိုးပုံပေါ်အောင် ဖော်ရပါတယ်။ အိုးပုံပေါ်ပြီးရင်တော့ တံစဉ်းနဲ့ တိုက်ပြီး ချောရပါတယ်။ ဆေးတံရိုးကိုတော့ ရော်ဘာ၊ ကန့်၊ ကျက်ဆေး၊ ပွဆေးတို့ကို ရောပြီး စက်နဲ့ကြိတ်၊ ပုံစံခွက်ထဲထည့်၊ ပုံလောင်း ဒါလည်း တံစဉ်းတိုက်ပြီး အချောကိုင်ရတယ်။ ပြီးရင် ခုန အိုးမှာ အရိုးစွပ်ပြီး ဆေးတံရပါတယ်။ ဒါကို အရောင်တင်ဆီသုတ်ပြီး နာရီဝက် အခြောက်ခံ ပြီးရင်တော့ ရောင်းပန်းလှတဲ့ ဆေးတံကောင်း တစ်လက်ရပါပြီ။ ပုံစံဒီဇိုင်းအနေနဲ့ကတော့ ကျွန်တော်တို့ ကိုယ်ပိုင်ထုတ်တာရှိသလို အော်ဒါမှာတဲ့ ပုံစံများလည်း ရှိပါတယ်။ တစ်နေ့ကို ဆေးတံအိုးလုံးရေ၂၀၀က ၁၅၀၀အထိ ထွက်ပါတယ်။ နိုင်ငံခြားက အဝယ်လိုက်တာရှိပြီး ဒိန်းမတ်၊ ဂျပန်တို့က အော်ဒါမှာတာ များပါတယ်။ သုံးလတစ်ကြိမ် ပို့ရပြီး ၁၀ဒါဇင်မှ ၁၅ဒါဇင်အထိ ပို့ရပါတယ်။ ပြည်တွင်းမှာတော့ တောင်ငူ၊ နေပြည်တော်ပျဉ်းမနား၊ မန္တလေး၊ မိတ္ထီလာနှင့် ရခိုင်ဘက်တို့ကို တင်ပို့ရပါတယ်"ဟု ရှင်းပြသည်ကို သိရသည်။

ဌာနမှလာကြိုသော မော်တော်ယာဉ်ဖြင့် ရွာလွတ်ကျေးရွာသို့ ဦးစွာသွားခဲ့သည်။ (Made in Ywalut)

ဆေးတံကို အရောင်တင်ဆီသုတ်ပြီး လှပအောင် ဤသို့ ပြုလုပ်ကြရသည်။ (မြန်မာ့အလင်း)



ရင်ခတ်သား တုတ်ကောက်

ရင်ခတ်သားကို အသုံးပြုလုပ်ထားသော တုတ်ကောက်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဟူ၍ ကျော်ကြားခဲ့သည့် ရွာလွတ်ဆေးတံများသည်ယခုတိုင်ဈေးကွက်တွင် နေရာရနေဆဲဖြစ်သည်။

ပုံစံဒီဇိုင်းအမျိုးမျိုးနှင့် ဆေးတံများကိုအသွေးအရောင်စုံလင်စွာဖြင့် တွေ့ရသည်။ B.I ဆေးတံလုပ်ငန်း

ရွာလွတ်ဒေသတွင် အလားတူဆေးတံလုပ်ငန်းလုပ်ကိုင်သူပေါင်း ၈၀ ခန့်ရှိခဲ့ကြောင်းသိရ၍ ရွာလွတ်နှင့် ဆေးတံသည် ခွဲမရသော ဒေသနှင့် ထွက်ကုန်ပစ္စည်းပင်ဖြစ်သည်။

တုတ်ကောက်လုပ်ငန်း

ဆေးတံကဲ့သို့ပင် ရွာလွတ်တွင် ထင်ရှားသော လက်မှုလုပ်ငန်းတစ်ခုမှာတုတ်ကောက်လုပ်ငန်းပင် ဖြစ်သည်။ သစ်သားတုတ်ကောက်ကို ပုံဖော်ထားသည် မှာဝါးတစ်ချောင်းအသွင် ထင်ရလောက် အောင် အသက် ဝင်လှသည်ကို တွေ့ရသည်။

တချို့တုတ်ကောက်များတွင် လက်ကိုင်၌ ငှက်၊ နဂါး၊ ဒေါင်း၊ ကျား၊ တိုးနရားများ စသည်ဖြင့် ဒီဇိုင်း အမျိုးပေါင်း ၁၀ကျော် ပြုလုပ်ထားသည်ကို တွေ့ရသည်။

တုတ်ကောက် တစ်ချောင်း ပြုလုပ်ပုံအဆင့်ဆင့်နှင့် ပတ်သက်၍ A-I Special တုတ်ကောက်လုပ်ငန်း ပိုင်ရှင်ဦးသောင်းသိန်းကရှင်းပြသည်မှာ-

"တုတ်ကောက်လုပ်ရာမှာ ကုန်ကြမ်းအဖြစ် ရင်ခတ်သားကို အသုံးပြုပါတယ်။ ပထမ သစ်သားကို တစ်လက်မတစ်မူးပတ်လည်နဲ့ အရှည်တစ်ပေဖြစ်အောင် စက်နဲ့ ဖြတ်ရပါတယ်။ ပြီးရင် ပွတ်လုံးပွတ်ပြီး ဒီဇိုင်းဖော်ပါတယ်။ အရစ်ဖော်ပါတယ်။ ပြီးရင် မူလီထိုး အရောင်တင်ပြီး အဖျားမှာ ရော်ဘာထိပ်စွပ် တပ်ပါတယ်။ တုတ်ကောက်တစ်ချောင်း ရောင်းဈေးဟာ ကျပ် ၁၀၀၀မှ ကျပ် ၆၀၀၀အထိ ရှိပါတယ်။ ဒီတုတ်ကောက်တွေကို နိုင်ငံခြားအထိ တင်ပို့ပြီး အထူးသဖြင့်တော့ တရုတ်နဲ့ ထိုင်းကို အများဆုံး တင်ပို့ပါတယ်။ တုတ်ကောက်အကြမ်းထည် တစ်နေ့ကို ၁၅ချောင်းနဲ့ အချောထည်က တစ်နေ့ ၁၀ချောင်း ပြီးပါတယ်။ ဒါဟာ နှစ်ပေါင်း ၄၀ကျော်ရှိပြီဖြစ်တဲ့ ကျွန်တော်တို့ရဲ့ အိမ်တွင်းလက်မှုလုပ်ငန်းလေးပဲဖြစ်ပါတယ်"

ထိုးဖောက်နေရာယူ

ဦးသောင်းသိန်း၏ ပြောကြားချက်အရ ရွာလွတ်နယ်မှ တုတ်ကောက်တို့သည်လည်း ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက် နေရာယူနေပြီဖြစ်ကြောင်း သိရသည်။

အမှန်တော့ ဆေးတံနှင့် တုတ်ကောက်ဆိုလျှင် မွန်ပြည်နယ် ချောင်းဆုံ ရွာလွတ်ဒေသမှ ထွက်ရှိကြောင်းကို ပြည်တွင်းမှာသာမက ပြည်ပကပါ သိရှိနေပြီဖြစ်ကြောင်း သတင်းခရီးအဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တုတ်ကောက်များကို ပွတ်လုံးပွတ်ပြီး ဤသို့ ဒီဇိုင်းဖော်ရသည်။ (မြန်မာ့အလင်း)



ပုံစံဒီဇိုင်း အမျိုးမျိုးနှင့် ဆေးတံများကို အသွေးအရောင် စုံလင်စွာ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရင်ခတ်၊တောကဲ့ကော်နဲ့ နေပြည်တော်ပျဉ်းမနားကထွက်တဲ့ ကျွန်းကျီးပေါင်း၊ ပိတောက်ကျီးပေါင်းပင်တို့က ရပါတယ်။ ပထမ သစ်သားကို အရှည် သုံးလက်မခွဲ၊ အနံ သုံးလက်မရှိတဲ့ သစ်တုံးလေးများဖြစ်အောင် ဖြတ်ရ

24-4 (09).pmd 1 4/24/2009, 2:26 AM

စလောင်း၊ ပန်းတို့ ရောင်းတန်းက ရပ်ချိန်တန်ကြပြီ

ကိုကြီး ငွေဇင်ယော်

ပင်စင်စားဘဝတွင် နိစ္စပတ်တစ်ခုလို ပုံမှန်အချိန်ပေးဆောင်ရွက်ဖြစ်လာသည့် အလုပ်တစ်ခုက အပေါင်းအသင်း မိတ်ဆွေရင်းတစ်စုနှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝိုင်းဖွဲ့စကားပြောဖြစ်ခြင်းဖြစ်သည်။ ရောက်တတ်ရာရာဟု အကြမ်းဖျင်းဆိုနိုင်သော်လည်း ကုန်စျေးနှုန်းလည်းပါသည်။ ကားစျေးနှုန်းလည်း ပါသည်။ ကမ္ဘာ့ဖလားနှင့် နိုင်ငံတကာဘောလုံး ပွဲစဉ် အနိုင်အရှုံး၊ ဂိုးသွင်း ဂိုးဝင်မှအစ ဖတ်ဖြစ်သည့် နေ့စဉ်သတင်းစာနှင့် ဂျာနယ်တို့ထဲက နယ်သတင်း၊ ကမ္ဘာ့သတင်း၊ ရုပ်ရှင်၊ စာပေ၊ ဂီတ၊ မီဒီယာကျင့်ဝတ်၊ ဆောင်းပါးရှင်တို့အာဘော်၊ အမျိုးသားနိုင်ငံရေး၊ ခေတ်ရေး စသည်ဖြင့် စုံလင်၍ နေပေသည်။ ပင်စင်စားဘဝမှာလည်း စီနီယာ၊ ဂျူနီယာလာ၍ ရှိနေကြသည်။ ပင်စင်စားချင်း သူမှန်ကိုယ်မှန် အနိုင်မခံ အငြင်းသန်လိုလှသည်။ ရေနွေးကြမ်းနှင့် ဆွေးနွေးသည့်အဆင့်ကနေ အာပေါင် အာရင်းသန်သန် ငြင်းခုံသည်အထိလည်း ရှိလာတတ်ကြသည်။

တစ်မနက်က ထိုင်ဖြစ်ကြသည့် ဆိုင်မှာတော့ ထိုပင်စင်စားတစ်စု၏ ရောက်တတ်ရာရာ ခေါင်းစဉ်သည် ဂြိုဟ်တုစလောင်းဘက်သို့ ဦးလှည့်သွားသည်။ တလောဆီက ပါရှိလာသည့် "အဆိပ်ပင်ကို ရေမလောင်းသင့်ပါ" ဆိုသော သတင်းစာ ဆောင်းပါးနှင့်ပတ်သက်၍ ကျွန်တော်ကလည်း ပင်စင်မစားမီဘဝက အစိုးရဌာနတာဝန်ဖြင့် အိမ်နီးနားချင်း အာဆီယံနိုင်ငံအချို့သို့ အရောက်အပေါက်လေး ကြုံခဲ့ဖူးသဖြင့် ကိုယ်တွေ့ခဲ့ဖူးတာနဲ့ ကိုယ့်အမြင်တို့ကို ဝင်ပြောဖြစ်သည်။

တကယ်တမ်း နည်းလမ်းတကျ ပြောကြလျှင် မည်သည့်နိုင်ငံမှာမဆို မီဒီယာ Control သည် ရှိကို ရှိနေရမည်ဖြစ်သည်။ ရှိသင့် ရှိအပ်သည့် အထိန်းအကွပ် တစ်ရပ်ဖြစ်၍ မီဒီယာ Control ရရှိအောင် ဦးတည်ချက်ရှိရှိ ကြိုးပမ်းဆောင်ရွက်ချက်များကို ထောက်ခံကြိုဆိုကြရမည်သာ ဖြစ်ပေသည်။ စင်စစ်အားဖြင့် မီဒီယာ Control သည် ပြည်သူအများကို အခြေအမြစ်ခိုင်မာ မှန်ကန်မှုရှိသည်ဟု အာမခံနိုင်သည့် သတင်းထုတ်ပြန်မှုမျိုး၊ ယဉ်ကျေးမှုအရ သရုပ်သကန်၊ ပုံသဏ္ဌာန်အစစ်အမှန်ဖြစ်သည်ဟု အာမခံနိုင်သည့် ဖျော်ဖြေမှုမျိုး၊ သိပ္ပံ၊ ဝိဇ္ဇာ၊ နည်းပညာ၊ လူမှုရေးရာ၊ လောကဝတ်၊ ဓမ္မဝတ်၊ မင်္ဂလာတရားတော်တို့အရ အမှားအယွင်းမရှိဟု အာမခံနိုင်သည့် ပညာပေးမှုမျိုး ဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက် စိစစ်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူတို့ ကာယသုခ၊ စိတ္တသုခ ပြည့်ဝစွာရရှိစေရေးတွင် သန့်စင်သောလေကို ဝဝလင်လင် ရှူရှိုက်နိုင်ကြရအောင် ပြုလုပ်ပေးသည့်ပမာ စိတ်၏အစာ၊ စိတ်အာဟာရများ သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ကြရအောင်၊ အဆိပ်အတောက်ကင်းစင်သော စိတ်၏အစာ၊ စိတ်အာဟာရများအဖြစ် စိတ်ချရလေအောင်၊ ပြည်သူတို့အပေါ် ဘေးအန္တရာယ်မရှိရအောင် စီစဉ်ကာကွယ်ပေးခြင်းလည်းဖြစ်သည်။ နိုင်ငံတကာတွင် သူ့နည်းသူ့ဟန်နှင့် မီဒီယာ Control ရှိနေကြပါသည်။ မိမိတို့၏ ရေမြေ တောတောင်ရာသီ၊ ပထဝီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဘဏ္ဍာရေး အခြေအနေနှင့် တတ်နိုင်စွမ်းမှု အဆင့်အတန်းတို့ကိုလိုက်၍ ကျင့်သုံးမှုချင်း ခြားနားတတ်သည်သာ ရှိပါသည်။

ပင်စင်စားများနှင့် ဆွေးနွေးရင်းက "စလောင်းဆိုသည်များ၏ အဆိုး အကောင်း အကျိုးအကြောင်း"ကို သတင်းစာဖတ် ပရိသတ်မှတစ်ဆင့် ပြည်သူတစ်ရပ်လုံးကို တင်ပြလိုသည့်စိတ်များ ဖြစ်ပေါ်လာရသည်။

စလောင်းဆိုသည်က မြန်မာတွေပီပီ မြင်သာထင်သာအောင် ကင်ပွန်းတပ်လိုက်ခြင်းဖြစ်သည်။ တိတိကျကျပြောရလျှင်တော့ Satellite Receiver ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်ဟု ခေါ်ရမည်ဖြစ်ပါသည်။ သတင်းစာများသည် သမိုင်းကို ပြောနေကြသည်ဟူသည့်အဆိုမှာ သွေးထွက်အောင် မှန်လှပေသည်။ ဒီမြန်မာတွေနှင့် သည်စလောင်း၏ဇာစ်မြစ်ကို သိလို၍ အမျိုးသားစာကြည့်တိုက်၏ အကူအညီဖြင့် နှစ်ဟောင်းက နေ့စဉ်သတင်းစာတွေကို လှန်လှောဖွေရှာလိုက်သည့်အခါ ၁၉၉၃ခုနှစ်က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ကြေညာချက်အမှတ် (၁/၉၃)ကို သွား၍တွေ့ရသည်။ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်များ လက်ဝယ်ထားခြင်းကိစ္စဟု ခေါင်းစဉ်တပ်ထားသည်။ သည်ကတစ်ဆင့်တိုး၍ လိုက်လံလေ့လာသည့်အခါ ၁၉၉၃ခုနှစ် စက်တင်ဘာလ၂၉ရက်မှာ ထုတ်ပြန်သည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အမိန့်အမှတ် (၁/၉၃) "ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာအမိန့်" ဆိုသည်ကိုလည်း မြန်မာနိုင်ငံပြန်တမ်းမှာ သွား၍တွေ့ရသည်။

ဖတ်မိသည့် ရယ်ရွှင်စရာ တစ်ခုကိုလည်း မှတ်မိ၍နေသေးသည်။ တပ်မတော်အစိုးရ တာဝန်ယူပြီးနောက် ရေးသားထုတ်ဝေခွင့်များ ရရှိလာချိန်၊ ဂျာနယ်များ အများအပြား ထုတ်ဝေလာသည်ဟု ပြောနိုင်လောက်သည့် အချိန်မှာ နိုင်ငံတကာဂြိုဟ်တု သတင်းဂျာနယ်အမည်ဖြင့် ဂျာနယ်တစ်စောင် ထုတ်ဝေခဲ့သည်။ ၂၀၀၁ခုနှစ်မှ စတင်၍ ၂၀၀၄/၂၀၀၅ ခုနှစ်လောက်အထိ ထုတ်ဝေဖြစ်ခဲ့သည်ဟု ထင်သည်။ ဂျာနယ်မျက်နှာဖုံးပါ ဆောင်ပုဒ်နှင့် ဂျာနယ်၏ ကြော်ငြာထည့်သွင်းချက်တို့မှာ "ဤဂျာနယ်ကို ဝယ်ယူဖတ်ရှုနေလျှင် ဂြိုဟ်တုစလောင်း တပ်ဆင်စရာ/ ရှိစရာမလို"ဟူ၍ ဖြစ်သည်။

တကယ့်တကယ်တော့ ဂြိုဟ်တုစလောင်းကို သံယောဇဉ်ထား အစွဲအလမ်းထားနေခြင်းသည် ရေလိုက်လွဲခြင်းဖြစ်သလို အန္တရာယ်လည်း ကြီးမားလှကြောင်း ပြည်သူအချို့က မသိရှာကြပါ။ နိုင်ငံအများတွင် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ကို အများပြည်သူထဲမှာ ပုဂ္ဂလိကပိုင်အနေဖြင့် တိုက်ရိုက် သုံးစွဲခွင့်မရှိစေရန် အစိုးရအဖွဲ့များက တင်းတင်းကျပ်ကျပ် ထိန်းသိမ်းထားသည်။ နိုင်ငံအတော်များများတွင် Media Development Authority ဖွဲ့စည်းထားပြီး ဝင်ရောက်ချုပ်ကိုင်ပေးသည်။ CA စနစ်ဟု ခေါ်သော Community Antenna (တစ်နေရာတည်းကသာ ဖမ်းယူပြီး နေရာအများသို့ ဖြန့်ဝေပေးသောစနစ်)ဖြင့် တပ်ဆင်သုံးစွဲစေသည်။ နိုင်ငံအချို့တွင် ဂြိုဟ်တုစလောင်းသုံးစွဲမှုနှင့် ပတ်သက်ပြီး လေ့လာကြည့်ရာတွင် ဂြိုဟ်တုစလောင်းသုံးစွဲမှုကန့်သတ်ချက်ကို အောက်ပါအတိုင်း တွေ့ရှိခဲ့ရပါသည်-

စဉ်	နိုင်ငံအမည်	ဂြိုဟ်တုစလောင်းသုံးစွဲမှုကန့်သတ်ချက်
၁။	စင်ကာပူ	အများပြည်သူသုံးစွဲခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိပါ။ ဘဏ်၊ စီးပွားရေးအဖွဲ့အစည်းများ၊ သံတမန်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဆင့်ဟိုတယ်ကြီးများ၊ နိုင်ငံခြားဘာသာသင်ကျောင်းများနှင့် တက္ကသိုလ်များကို စိစစ်ခွင့်ပြုပေးသည်။ အခွန်ပေးဆောင်ရသည်။
၂။	မလေးရှား	အများပြည်သူသုံးစွဲခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိပါ။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုသည်။ အဖွဲ့အစည်းအချို့ကို စိစစ်၍သာ ခွင့်ပြုသည်။ အခွန်ပေးဆောင်ရသည်။
၃။	အင်ဒိုနီးရှား	အများပြည်သူသုံးစွဲခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိပါ။
၄။	တရုတ်ပြည်သူ့သမ္မတနိုင်ငံ	အများပြည်သူသုံးစွဲခြင်းကို တရားဝင် ခွင့်ပြုထားခြင်း မရှိပါ။ သံတမန်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဆင့် ဟိုတယ်ကြီးများ၊ နိုင်ငံခြားသားများနေထိုင်သည့် ရပ်ကွက်များ၌ စိစစ်ခွင့်ပြုပေးသည်။ အခွန်ပေးဆောင်ရသည်။
၅။	ပါကစ္စတန်	ရောင်းဝယ်ခြင်း၊ တပ်ဆင်ခြင်း၊ သုံးစွဲခြင်းကို လုံးဝတားမြစ်ထားသည်။
၆။	အီရန်	အများပြည်သူသုံးစွဲခြင်းကို တရားဝင်ခွင့်ပြုထားခြင်းမရှိပါ။

အမှန်စင်စစ် ဂြိုဟ်တုစလောင်းဆိုသည်မှာ နိုင်ငံကြီးများက မိမိပိုင် မီဒီယာလက်နက်နှင့် ဖျော်ဖြေမှုအနုပညာကို ခုတုံးလုပ်၍ နိုင်ငံတကာကို မီဒီယာအရ ဩဇာလွှမ်းမိုးလာနိုင်စေရန် ရည်ရွယ်ထုတ်လွှင့်နေကြခြင်းဖြစ်ပါသည်။ ၎င်းအပြင် ယခုအခါ၌ နိုင်ငံရေးအမှောင့်ပယောဂပါပူးကပ်ပြီး ပစ်မှတ်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မှု၊ ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်မှု၊ ညစ်ညမ်းအစီအစဉ်များ ထုတ်လွှင့်၍ အမျိုးသားရေး စရိုက်လက္ခဏာ၊ အမျိုးသားရေးစိတ်ဓာတ်ကိုပါ ရိုက်ချိုးဖျက်ဆီးမှုများအထိ လက်ရဲဇက်ရဲ ကျူးကျော်နယ်ချဲ့လျက်ရှိကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့ စလောင်းကြည့်နေကြခြင်းသည် အဆိပ်အတောက်များ၊ ဝါဒမှိုင်းများ၊ အညီအဟောက်များကို ပိုက်ဆံပေးပြီး ဝယ်နေကြသည့် သဘောပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

စလောင်းချန်နယ်များကိုသုံးသပ်ကြည့်ပါက နိုင်ငံသားတို့၏စည်းကမ်းနှင့် စနစ်တကျရှိမှုကို ထိခိုက်ပျက်ပြားစေသည့် ချန်နယ်များ၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တကို ယိုယွင်းပျက်စီးစေသည့် ချန်နယ်များ၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို ယိမ်းယိုင်ချည့်နဲ့စေသည့် ချန်နယ်များ၊ ရာဇဝတ်မှုဘက်ကို တွန်းပို့ပြီး အမှားသံသရာလည်စေနိုင်သည့် ချန်နယ်များ စသည်ဖြင့် ကောင်းကျိုးထက်ဆိုးကျိုးဘက်ကို ပို၍အလေးသာနေသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံအသီးသီးတွင် ဂြိုဟ်တုစလောင်းတားမြစ်ပိတ်ပင်မှုများ၊ ထိန်းချုပ်မှုများကို ကိုယ့်အစီအစဉ်နှင့်ကိုယ် လုပ်ဆောင်နေကြရခြင်း ဖြစ်ပေသည်။ ဤအချက်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းက ကိုယ့်အမျိုးသား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် မဖြစ်မနေ လုပ်ဆောင်ကြရမည့် အမျိုးသားရေး တာဝန်တစ်ရပ်ဟုပင် သတ်မှတ်ရမည်ဖြစ်ပါသည်။

ထို့ကြောင့် တပ်မတော်အစိုးရလက်ထက် ပြန်ကြားရေးနှင့် ရုပ်သံလွှင့်ကဏ္ဍတွင် ရုပ်မြင်သံကြားထုတ်လွှင့်မှုအပိုင်း၌ အင်နာလော့စနစ်ဖြင့် ထုတ်လွှင့်မှုအပြင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်မှုကိုပါ မြို့နယ်ပေါင်းများစွာသို့ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူများသည် ယခင်က ဂြိုဟ်တုစလောင်း သုံးစွဲမှသာ ဖမ်းယူ ကြည့်ရှုနိုင်ခဲ့ကြသည့် အစီအစဉ်များကို ယခု ဂြိုဟ်တုစလောင်း မလိုတော့ဘဲ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများမှ ဖမ်းယူကြည့်ရှုလာနိုင်ကြပြီဖြစ်သည်။ ကတ်သုံးစနစ် (Pay TV) များဖြင့် ကြည့်ရှုလာနိုင်ကြပြီဖြစ်သည်။ ချန်နယ်ပေါင်း ၂၀ ကျော်အထိ ကြည့်ရှုနိုင်ကြပြီဖြစ်ကြောင်းနှင့် သက်ဆိုင်ရာက ဆက်လက်၍လည်း တိုးချဲ့ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရသည်။

ကျွန်တော်ရှာဖွေလေ တွေ့ရှိလေ... ဖြစ်ခဲ့သော အထက်က ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာအမိန့် (အမိန့်အမှတ် ၁/၉၃)မှာ ပါရှိသည့်အတိုင်း ဆိုပါလျှင် အပိုဒ် ၁၇ မှာ "မည်သူမျှလိုင်စင်မရှိဘဲ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ ကြိုးမဲ့ကြေးနန်း ပစ္စည်းကိရိယာတစ်ခုခုကို ထုတ်လုပ်ခြင်း၊ သို့မဟုတ် ရောင်းချခြင်းမပြုရ"ဟု အတိအလင်းပြဋ္ဌာန်းဖော်ပြထားပြီးလည်း ဖြစ်သည်။ ရှာဖွေလေ တွေ့ရှိလေမှ ဆက်၍ ဇာစ်ဇာစ်မြစ်မြစ်စုံစမ်းကြည့်ပြန်သည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာနတို့ကလည်း မည်သူတစ်ဦးတစ်ဖွဲ့ကိုမျှ ယင်းသို့ထုတ်လုပ်နိုင်အောင်နှင့် ရောင်းချနိုင်အောင် ခွင့်ပြုခဲ့သည်၊ လိုင်စင်ပြုလုပ်ပေးခဲ့သည်ဟူ၍ မရှိ(မရှိ)ကြောင်း သိရသည်။

ပင်စင်စား မိတ်ဆွေတစ်စု၏ လက်ဖက်ရည်ဆိုင် စကားဝိုင်းကို အကြောင်းပြု၍ အကျိုးရှိစွာ သိရှိခဲ့ရခြင်းကို မိတ်ဆွေများအပေါ် ကျေးဇူးတင်ရမည်ဖြစ်သည်နှင့်အတူ နေရာတော်တော်များများမှာ ဆိုင်းဘုတ်လည်းရေးတင်၊ ဆိုင်ပေါ်မှာလည်း ခင်းထားသည့် စလောင်း၊ ဗန်းတို့ကို ရောင်းတန်းကရပ်ကြဖို့ အချိန်တန်ပြီဖြစ်ကြောင်း စေတနာကောင်းဖြင့် ကြေညာမောင်းခတ်လိုက်ရသည်။ ။

> **အမှန်စင်စစ် ဂြိုဟ်တုစလောင်းဆိုသည်မှာ နိုင်ငံကြီးများက မိမိပိုင် မီဒီယာလက်နက်နှင့် ဖျော်ဖြေမှုအနုပညာကို ခုတုံးလုပ်၍ နိုင်ငံတကာကို မီဒီယာအရ ဩဇာလွှမ်းမိုးလာနိုင်စေရန် ရည်ရွယ်ထုတ်လွှင့်နေကြခြင်းဖြစ်။**

နာဂစ်လွန်မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်သို့ မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များ ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၂၃

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယကအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် အာဆီယံနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၏ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၏ဇနီးများနှင့် အသင်းသားများ ပါဝင်သည့်အဖွဲ့သည် ဧပြီ ၂၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆရာစံပလာဇာရှိ ဗဟိုသမဝါယမအသင်း နာဂစ်လွန်မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ပြခန်းများကို လာရောက်ကြည့်ရှုလေ့လာကြသည်။ (ဓါတ်ပုံ)

ဧည့်သည်များအား ဗဟိုသမဝါယမအသင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြပြီး အရောင်းပွဲတော် တတိယထပ်၌ အရောင်းပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ Video Slide များဖြင့် ရှင်းလင်းပြသကာ မြန်မာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ပန်းပုအရောင်းပွဲတော်ကို သင်္ကြန်ပွဲတော်ကာလတွင် ခေတ္တရပ်နားခဲ့ပြီး ဧပြီ ၁၈ရက်မှ မေ ၇ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ည ၉နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ပန်းပုအရောင်းပွဲတော်ကျင်းပရာ ဆရာစံပလာဇာ အဆောက်အအုံမြေညီထပ်တွင် ပန်းချီ၊ ပန်းပု၊ အနုပညာပစ္စည်းများ၊ ကျောက်ဖြစ်ရုပ်ကြွင်း အင်ကြင်းကျောက်များ၊ ကျောက်စိမ်းကျောက်မျက်များ၊ ပရိဘောဂအမျိုးမျိုး၊ အသင့်ချုပ်ပြီး အထည်များ၊ စားသောက်ကုန်ပစ္စည်းများ၊ ရှားပါးစာအုပ်များနှင့် လူသုံးအိမ်သုံးပစ္စည်းများ လွတ်လပ်စွာ ရောင်းချလျက်ရှိရာ ပြည်တွင်း ပြည်ပ ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောဖုံးမှ

တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာတွင် ကျေးရွာလူထု စုပေါင်းတူးဖော်ထားသော သောက်သုံးရေကန်။

(မြန်မာ့အလင်း)

ဆားကွင်းဖော်ထုတ်

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားရန် မကြာမီက ထားဝယ်ခရိုင်သို့ ရောက်ရှိခဲ့ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်၏စီစဉ်မှုဖြင့် မြို့နယ်သတင်းထောက် ဦးခင်မောင်ကြီးလိုက်ပါကာ ဆန်စပါးအများဆုံး စိုက်ပျိုးရာ သရက်ချောင်းမြို့နယ်သို့ သွားရောက်၍ ကမ်းပတ်တာများ တည်ဆောက်ပြီး လယ်မြေနှင့် ဆားကွင်းများဖော်ထုတ်နေမှုကို လေ့လာခဲ့ကြသည်။

တစ်မျှော်တစ်ခေါ်

အဆိုပါ သရက်ချောင်းမြို့နယ်သည် ထားဝယ်မြို့၏ တောင်ဘက် ၁၈မိုင် အကွာတွင် တည်ရှိသည်။ လမ်းတစ်လျှောက်တွင် ရွှေဝါရောင် စပါးခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။ ဟိုးအဝေးတစ်နေရာဆီတွင် တနင်္သာရီရိုးမ၏ တောင်ရိုးတောင်စွယ်များဖြစ်သည့် မှိုင်းပျပျတောင်တန်းကြီးများမှာ တည်ငြိမ်စွာ လဲလျောင်းနေကြသည်။

စပါးခင်းအချို့၏ လယ်ကန်သင်းများ၊ လမ်းများဘေးတွင် ပေါက်ရောက်နေသော ထန်းပင်၊ ထန်းတောများကလည်း လွမ်းမောဖွယ်ကောင်းလှသည်။

စပါးခင်းများ

သတင်းအဖွဲ့ သွားရောက်ချိန်တွင် အချို့သောစပါးခင်းများကို ရိတ်သိမ်းနေကြပြီ ဖြစ်သည်။ လယ်ကွင်းများဆီမှ လွင့်ပျံ့လာသည့် ကောက်သစ်ဦးရနံ့များက လမ်းတစ်လျှောက် သင်းပျံ့နေသည်။ များမကြာမီ သရက်ချောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိသည်။

"ကျွန်တော်တို့မြို့နယ်မှာ ကမ်းပတ်တာများ ပိတ်နိုင်ခဲ့မှုကြောင့် စပါးစိုက်ဧကများ တိုးချဲ့နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့မြို့နယ်ရဲ့ ကွင်းအမှတ် ၄၀၇မှာ ကမ်းပတ်တာ အရှည် ၅၁၂၀ပိတ်နိုင်ခဲ့၍ စပါးစိုက်ဧကနှင့် ဆားကွင်းလုပ်ဖို့ ဧက ၃၅၀ဖော်ထုတ်နိုင်ခဲ့ပါတယ်။

ဖော်ထုတ်နိုင်

အလားတူ ကွင်းအမှတ် ၄၀၂မှာလည်း ကမ်းပတ်တာအလျား ၅၄၀၀ပိတ်နိုင်ခဲ့မှုကြောင့် ဧက ၇၀ကျော် ပေါ်ထွန်းလာခဲ့ပါတယ်။ ဒီလိုပဲ အခြားသောစပါးစိုက်တောင်သူများကလည်း ကမ်းပတ်တာများ တည်ဆောက်ပြီး စပါးနှင့် ဆားစိုက်ဧကများ တိုးချဲ့လုပ်ကိုင်ကြဖို့ ကြိုးစားနေကြပါတယ်"ဟု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်က ရှင်းပြသည်။

"ကျွန်တော်တို့ မြို့နယ်မှာ ဒီလိုရေငန်တားကမ်းပတ်တာများ တိုးချဲ့တည်ဆောက်နိုင်ဖို့ စပါးစိုက်တောင်သူများနဲ့ ဆားလုပ်ငန်းရှင်များက ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လိုအပ်တဲ့ ငွေကြေးအရင်းအနှီးကို နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် စေတနာထားကာ ထုတ်ချေးပေးခဲ့ပါတယ်။ ဒါကြောင့်လည်း မနှစ်က ကျွန်တော်တို့မြို့နယ်မှာ စပါးစိုက်ဧက ၆၅၂၂၄ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဦးခင်မောင်လွင်က ဆက်လက်ရှင်းပြသည်။

ရှင်းပြ

"ဒီလိုကမ်းပတ်တာများ တိုးချဲ့တည်ဆောက်နိုင်ခဲ့မှုကြောင့် ယခုဆိုရင် ကျွန်တော်တို့ သရက်ချောင်းမြို့နယ်ဟာ ထားဝယ်ခရိုင်မှာသာမက တနင်္သာရီတိုင်း တစ်တိုင်းလုံးပါ ဆားအများဆုံးထွက်ရှိတဲ့ မြို့နယ်အဖြစ် ရပ်တည်နိုင်ခဲ့ပါပြီ။ ကျွန်တော်တို့မြို့နယ်ရဲ့ ဆားကွင်းများမှာ ကနက်သီရိကျေးရွာအုပ်စုမှာ ဧက ၆၀၊ လဘာအုပ်စုမှာ ၁၈၃ဧက၊ ပြင်ဖြူကြီးကျေးရွာအုပ်စုမှာ ဧက ၇၀ ဆားကွင်းများ ဖော်ထုတ်လုပ်ကိုင်လျက်ရှိပါတယ်"ဟု ၄င်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

လုပ်ကိုင်နိုင်ကြပြီ

သို့ဖြစ်ရာ ထားဝယ်ခရိုင်အတွင်းရှိ သရက်ချောင်းမြို့နယ်သည် မိုးတွင်းကာလ မြစ်ရေကြီးချိန်တွင် ရေငန်များဝင်ရောက်ခြင်းမှ တားဆီးနိုင်သည့် ရေငန်တားကမ်းပတ်တာများ တိုးချဲ့တည်ဆောက်နိုင်ခဲ့မှုကြောင့် လယ်ယာမြေဧက စိုက်ပျိုးမြေသစ်များ ပေါ်ထွက်လာသည့်အပြင် ဆားကွင်းများပါ ဖော်ထုတ်လုပ်ကိုင်နိုင်ကြပြီဖြစ်၍ ဒေသနေပြည်သူများ စပါးနှင့်ဆားများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့တိုးလုပ်ကာ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ချဲ့ထွင် လုပ်ကိုင်နိုင်သည့် မြို့နယ်အဖြစ်သို့ ရောက်ရှိလာတော့မည်ဖြစ်ပါကြောင်း သတင်းခရီးအဖြစ် ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ချယ်လ်ဆီးနဲ့မန်ယူကသာ အားပေးသူတွေအတွက် စိတ်ကျေနပ်မှုအပြည့်ပေးနိုင်မယ်

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့အကြို - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၃

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ကို အင်္ဂလန်ကသုံးသင်းဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ဟာ စပိန်ကလပ် ဘာစီလိုနာနဲ့အတူ ဒီအဆင့်ကို တက်လာနိုင်ခဲ့ကြပါတယ်။ စပိန်ကလပ် တစ်သင်းတည်းပါလာတော့လို့ အများက ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပြိုင်ပွဲတွေပြီးရင် All English Final ထပ်မံဖြစ်ဖို့ရှိနေနိုင်တယ်လို့ သုံးသပ်ကြပေမယ့် တချို့က ဒါကလုံးဝဖြစ်လာနိုင်မယ် မထင်ဘူးလို့ယူဆကြရင်း ဘာစီလိုနာဟာ ချယ်လ်ဆီးကို ဖြတ်ကျော်ပြီး ချန်ပီယံလိဂ်ဖိုင်နယ် ရောက်မယ်လို့ ဆိုနေကြပါရဲ့။

လက်ရှိမှာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို ကျော်ဖြတ်လာကြတဲ့အသင်း လေးသင်းထဲမှာ အာဆင်နယ်နဲ့ ချယ်လ်ဆီးက လွဲရင် ကျန်နှစ်သင်းဖြစ်တဲ့ မန်ယူနဲ့ ဘာစီလိုနာတို့ဟာ ချန်ပီယံလိဂ်ဖလားကို အသီးသီးဆွတ်ခူးရယူနိုင်ခဲ့ကြတဲ့ အသင်းတွေပါ။ မန်ယူက လက်ရှိချန်ပီယံဖြစ်နေသလို၊ ဘာစီလိုနာကလည်း ၂၀၀၆ မှာ နောက်ဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့ပါတယ်။ ဒီနှစ်တော့ ချန်ပီယံလိဂ်ဗိုလ်လုပွဲ သွားရောက်ခွင့်ရရေးအတွက် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲမှာ မန်ယူနဲ့ ဘာစီလိုနာတို့ဟာ အာဆင်နယ်နဲ့ ချယ်လ်ဆီးလို အသင်းတွေကို အသာရအောင်လို့ ပထမအကျော့အိမ်ကွင်းပြိုင်ပွဲမှာ အနိုင်ကစားပြဖို့ လိုအပ်နေပြီး အမှားခံလို့မရတော့တဲ့ကာလမျိုးဖြစ်နေတော့ ပြိုင်ဘက်တိုင်းဟာ ရတဲ့အခွင့်အရေးပေါ်မှာ သေချာပေါက်ဂိုးရဖို့ကို ကြိုးစားလုပ်ဆောင်ပြသွားဖို့ ရှိနေတယ်လို့ ဆိုရပါလိမ့်မယ်။ တစ်ဖက်က ချယ်လ်ဆီးနဲ့ အာဆင်နယ်ကလည်း ချန်ပီယံလိဂ်မှာ ဒုတိယငွေတံဆိပ်ဆုနဲ့ပဲ အမြင့်ဆုံးကျေနပ်ခဲ့ရတဲ့စံချိန်ကို ချိုးဖျက်နိုင်ဖို့ အကြိုဗိုလ်လုပွဲမှာ တွေ့ရမယ့်ပြိုင်ဘက်တွေကို အမြစ်ဖြတ်တဲ့နည်းနဲ့ အနိုင်ကစားနိုင်အောင် ဒါမှမဟုတ် ဂိုးသွင်းနိုင်ပြီး သရေရတဲ့ပွဲတွေလို အဖြေထွက်အောင်တော့လုပ်မှာပါ။

စိတ်ကြိုက်အသင်း

ရည်ရွယ်ချက်ချင်းတူညီတဲ့ လမ်းကြောင်းပေါ်မှာ ပြေးလွှားနေတဲ့ ဆီမီးဖိုင်နယ် ပထမအကျော့ကို ဖြတ်သန်းမယ့် လေးသင်းဟာ အသင်းရဲ့ အားနည်းချက်တွေ အသီးသီးကို မမြင်ရအောင် ဖုံးကွယ်ထားပြီး အသင်းရဲ့ စုစည်းကျစ်လျစ်မှုကို ပေါ်လွင်အောင်လုပ်နေတယ်။ ဒီတော့ ဒီအဆင့်မှာ စိတ်ကြိုက်အသင်း နှစ်သင်း ရွေးချယ်တော့မယ်ဆိုရင် အရင်ကထက် စေ့စပ်သေချာစေမယ့် အကျိုးအကြောင်းနဲ့ သိထားသင့်တာတွေကို မမေ့မလျော့ လေ့လာစေဖို့ သတိပေးချင်တယ်။ ချန်ပီယံလိဂ် ပထမအကျော့ကို ဧပြီ ၂၉ရက် နဲ့ ၃၀ ရက်တွေမှာ အသီးသီးကစားကြမှာဖြစ်ပြီး ဒုတိယအကျော့ကိုတော့ မေ၆ရက်နဲ့ ၇ရက်တွေမှာ အသီးသီး ဆက်လက်ယှဉ်ပြိုင်မှာလည်း ဖြစ်ပါတယ်။

ဘာစီလိုနာ - ချယ်လ်ဆီး

ချယ်လ်ဆီးက မထင်မှတ်ဘဲ ဟစ်ဒင့်လက်ထဲမှာ ကစားပုံတက်လာပါတယ်။ ဒါပေမယ့် တိုက်စစ်မှာ ဒရော့ဘာမရှိရင် မဖြစ်တာတော့ အားနည်းချက်အနေနဲ့ တွေ့နေရတယ်။ ကစားဟန်ဟာ မော်ရင်ညိုလက်ထက်ကပုံစံမျိုး ပြန်ဖြစ်နေပေမယ့် ခုခံကစားအားကတော့ မရသေးဘူး။ ဒါကြောင့် အဝေးကွင်းမှာ ချယ်လ်ဆီးအနေနဲ့ ဘာစီလိုနာကို ထိန်းချုပ်ကစားရတာ ခက်နေနိုင်ပါတယ်။ ဘာစီလိုနာနဲ့ ချယ်လ်ဆီးဟာ အရင်ကတည်းက နေရာစုံမှာ တွေ့ခဲ့ကြဖူးတယ်။ အဓိကအနေနဲ့ပြောရရင် ချန်ပီယံလိဂ်မှာ အကြိတ်အနယ်နဲ့ တွေ့တဲ့ပွဲတိုင်း ကစားရလေ့ရှိလို့ တချို့က ပြည်ပပြိုင်ပွဲတွေမှာ ချယ်လ်ဆီးနဲ့ ဘာစီလိုနာဟာ မြို့ခံပြိုင်ဘက်တွေအချင်းချင်း တွေ့သလိုမျိုး အပီအပြင်ကို အကြိတ်အနယ်ကစားကြတယ်လို့ ဆိုတယ်။ အနီးစပ်ဆုံး ၂၀၀၆-၂၀၀၇ ချန်ပီယံလိဂ်မှာ ချယ်လ်ဆီးဟာ ဘာစီလိုနာကို အခက်တွေ့အောင်လုပ်ခဲ့သလို နောက်ကောက်ချထားနိုင်ခဲ့လို့ ဘာစီလိုနာဟာ ပြိုင်ပွဲကနေ ထွက်လိုက်ရပြီး ချန်ပီယံလိဂ်ဖလားလက်မဲ့ ဖြစ်ခဲ့ရပါတယ်။ ဒီနှစ်တော့ အရင်က ရှုံးကြွေးတွေအပြင် သိက္ခာအတွက်ပါ အရေးပါနေတဲ့အတွက်ကြောင့် ဘာစီလိုနာဟာ အိမ်ကွင်းမှာ အသာစီးနဲ့ကစားပြီး ချယ်လ်ဆီးကို အနိုင်ယူဖို့လုပ်မှာပါ။ အိမ်ကွင်းမှာ ပထမဆုံး ကစားရမှာဖြစ်နေတော့ ဘာစီလိုနာဟာ အမှားခံမယ့်အနေအထားတော့ မရှိဘူး။ နည်းပြဂွာဒီယိုလာဟာ ချယ်လ်ဆီးနည်းပြ ဟစ်ဒင့်လောက် အတွေ့အကြုံကြွယ်ဝမှု၊ နည်းပရိယာယ်မာယာမှာ လိုက်မမီနိုင်ပေမယ့် ကစားသမားကောင်းတွေ ပိုင်ဆိုင်ထားတဲ့ အပိုင်းမှာတော့ ဘာစီလိုနာက သာပါတယ်။ ဒီအသင်းနှစ်သင်းမှာ အမာခံကြယ်ပွင့်တွေရှိနေလို့ နှစ်ဖက်ကစားသမားတွေဟာ အလွတ်ပေးမှာမဟုတ်သလို ထိန်းချုပ်နိုင်ဖို့လုပ်မှာပါ။ ဘာစီလိုနာက အွန်နရီ၊ မက်ဆီ၊ အီတူးတို့အပြင် ရှာဗီနဲ့ အင်နီယေစတာတို့ရှိတယ်။ ဒါပေမယ့် ခံစစ်နဲ့ ဂိုးသမားဗဲလ်ဒက်စ်က ဘာစီလိုနာမှာ အဓိကအားနည်းချက်ဖြစ်နေတော့ ချယ်လ်ဆီးရဲ့ ဒရော့ဘာ၊ လမ်းပတ်၊ အနယ်လ်ကာနဲ့ မာလူဒါတို့ဟာ လီဗာပူးနဲ့ ကစားရသလို ပွဲစကတည်းက ကစားအားကိုတင်ပြီး တရစပ်ဖိအားပေးမှာပါ။ ဘာစီလိုနာအနေနဲ့ အထနှေးတတ်တော့ ကစားကွက်တည်မရခင်မှာ ချယ်လ်ဆီးရဲ့ ဖိအားပေးမှုကြောင့် ပြာယာခက်သွားနိုင်သေးတယ်။ မက်ဆီ မလှုပ်နိုင်ရင် ဘာစီလိုနာမလွယ်ဘူး၊ ဒါကို ထည့်စဉ်းစားရပါလိမ့်မယ်။

ဖြစ်နိုင်ခြေရှိတာကတော့ ချယ်လ်ဆီးရဲ့ပွဲအစပိုင်းမှာ တရစပ်ဖိအားပေးမှုကြောင့် ဘာစီလိုနာ ဂိုးပေးရနိုင်ပြီး နောက်ပိုင်းကျမှ ဘာစီလိုနာဟာ ဒီပွဲမှာ အရှုံးမရှိစေချင်တာကြောင့် ချယ်လ်ဆီးကို မက်ဆီတို့နဲ့ ပြန်ထိုးဖောက်ပြီး သရေလောက်တော့ ကစားသွားဖွယ်ရှိနေပါတယ်။ ဒါကြောင့် ဟစ်ဒင့်ရဲ့ ချယ်လ်ဆီးအနေနဲ့ ဘာစီလိုနာကို သရေကစားဖို့ရှိနေလို့ ချယ်လ်ဆီးပဲ ရွေးထားလိုက်ပါတယ်။

ချယ်လ်ဆီးအသင်းမှ အားထားရသည့် လမ်းပတ်၏ အောင်ပွဲခံဟန်။

မန်ယူ - အာဆင်နယ်

နှစ်သင်းစလုံးကတော့ သိပ်ပြီး ထွေထွေထူးထူး ပြောနေစရာမလိုတဲ့အသင်းတွေပါ။ ဘယ်သူတွေ ဘယ်နေရာမှာကစားပြီး ဘယ်နည်းပြတွေက ဘယ်လိုလုပ်တတ်လည်းဆိုတာ သိနေကြပြီးပါပြီ။ ပရီမီယာလိဂ်က နှစ်သင်းဆုံတာကြောင့် စိတ်ဝင်စားမှုအပိုင်းမှာတော့ လိုတာထက်ပိုနေမှာပါ။ ပရီမီယာလိဂ်မှာတော့ ဒီနှစ်သင်းဟာ ဒီရာသီမှာ တစ်ကြိမ်ဆုံထားပြီးပါပြီ။ အာဆင်နယ်မြေမှာ အာဆင်နယ်က ၂-၁ နဲ့ နိုင်ထားတယ်။ (၂၀၅)ကြိမ်မြောက်တွေ့ဆုံတဲ့ပွဲမှာတော့ နှစ်သင်းစလုံးဟာ အမှားခံမယ် မထင်ပါဘူး။ တစ်ချက်ပြောစရာရှိတာက အာဆင်နယ်ပါ။ အာဆင်နယ်မှာ ပြောစရာရှိတာက ဒဏ်ရာရ ကစားသမားတွေ များနေတဲ့ အချက်ပါပဲ။ ဂါးလက်စ်၊ အယ်လ်မူနီယာ၊ ကျော်ရူးနဲ့ ရိုဆစ်စကီးတို့ဟာ အသင်းမှာ ပါဝင်နိုင်ဖွယ်မရှိကြသေးဘူး။ ဒီတော့ ဖေဘီယံစကီးတို့လို လူငယ်တွေနဲ့ အာဆင်နယ်ဟာ အဝေးကွင်းမှာ ကစားအားကောင်းကောင်းနဲ့ ကစားနိုင်ပါ့မလား။ တိုက်စစ်သွက်လက်မှုရှိပေမယ့် မန်ယူတိုက်စစ်က ရွန်နေနဲ့ ဗီရိုနယ်ဒိုတို့ကို ထိန်းချုပ်ဖို့ကြတော့ အာဆင်နယ် မလွယ်လောက်တော့ဘူး။ မန်ယူကလည်း အိုးထရက်ဖို့ဒ်မှာ ကစားရမှာဖြစ်နေတော့ ပထမအကျော့မှာ အမှားခံမယ် မထင်ဘူး။ အသာရအောင်တော့လုပ်မှာပါ။ အသင်းသားတချို့ ပွဲပန်းနေကြပေမယ့် မန်ယူဟာ ဖိအားပေးလာမယ့် အာဆင်နယ်ကို အနိုင်ကစားနိုင်ဖို့ ပွဲစကတည်းက ရန်းမှာပါ။ ဒါကြောင့် ပွဲက ကြည့်ကောင်းနေမှာပါ။ နည်းပြနှစ်ယောက် ဉာဏ်ကစားမယ့်ပွဲမှာ သဘောကျတာက မန်ယူပါ။ ဘာကြောင့်လဲဆိုရင် ဖာဂူဆန်ဟာ ဖလားငါးလုံး ရည်မှန်းချက်ပျက်သွားပြီးတဲ့နောက်မှာ လက်ကျန်ဖလား နှစ်လုံးသိမ်းပိုက်ဖို့ ဒီပွဲမှာ အနိုင်ကစားဖို့ဟာ အဓိကကျနေတယ်။ အဝေးကွင်းရောက်ရင် ကစားရတာမလွယ်လို့ အခုကစားရမယ့်ပွဲမှာတင်ပဲ မန်ယူဟာ ပရိယာယ်ကောင်းကောင်းနဲ့ အာဆင်နယ်ကို အနိုင်ယူဖို့ရှိနေပါတယ်။ ။ **(မြန်မာ့အလင်း)**

ပေါ်တိုနှင့်ပွဲ၌ မန်ယူအသင်းသားများဖြစ်သော ဂစ်၊ ရွန်နေနှင့် တီဗက်ဇ်ကို တွေ့ရသည်မှာ ....။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဩဂုတ်လ ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာနှစ်ဆန်းတစ်ရက်နေ့ သွေးလှူဒါန်းပွဲကျင်းပ

မြစ်ကြီးနား ဧပြီ ၂၃

ကချင်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ စေတနာ သွေးသန့် သွေးလှူရှင်အသင်း လုပ်ငန်းကော်မတီမှ ကြီးမှူး၍ အကြိမ်(၃၀)မြောက် စုပေါင်း သွေးလှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၇ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက် ၉နာရီက မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ ကျင်းပသည်။

စုပေါင်းသွေးလှူဒါန်း

အခမ်းအနားတွင် မြစ်ကြီးနား၊ မိုးကောင်း၊ ဝိုင်းမော်မြို့နယ်နှင့် ကာမိုင်းမြို့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြစ်ကြီးနားမြို့နယ် လူမှုရေးအသင်းအဖွဲ့တို့မှ စေတနာ သွေးလှူရှင် ၁၂၅ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

(၀၀၂)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဂျရတ်သည် အန်ဖီးလ်မှ ထွက်ခွာလိမ့်မည်မဟုတ် အေစီမီလန်အသင်းနည်းပြ အန်ဆယ်လော့တီ အခိုင်အမာပြောကြား

လန်ဒန် ဧပြီ ၂၃

ယခုနွေရာသီတွင် လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ် (အောက်ပုံ) အား ဆန်စီရိုသို့ ခေါ်ယူနိုင်ရေးအတွက် အေစီမီလန်ဘုတ်အဖွဲ့မှ ရှော့ဆိုနာရီ၏ ကြိုးပမ်းမှုမှာ သံသယဖြစ်ဖွယ်ရှိနေကြောင်း နည်းပြကားလို့စ်အန်ဆယ်လော့တီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဖွင့်ဟပြောကြား

အေစီမီလန်အသင်းသည် မတ်၂၂ရက်က ဘူဒါပက်တွင် ဟန်ဂေရီလက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားခဲ့ပြီး အပြောင်းအရွှေ့ ဈေးကွက်ပြန်ဖွင့်ချိန်တွင် ဂျရတ်အား စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး အလားအလာကို မေးမြန်းခံခဲ့ရသည်။ သို့သော်လည်း အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီကမူ ဂျရတ်အားခေါ်ယူနိုင်ရေးအတွက် ယုံကြည်မှုမရှိကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ဂျရတ်သည် ခြေစွမ်းထက်မြက်သော ကစားသမားတစ်ဦးဖြစ်ကြောင်း၊ သို့သော်လည်း ၄င်း၏ လီဗာပူးမှ ထွက်ခွာရေးမှာ မသေချာကြောင်း၊ မိမိတို့အနေဖြင့် ကစားသမားများကို သတိထားစောင့်ကြည့်နေကြကြောင်း၊ သို့သော်လည်း ရာသီမကုန်မီ ကစားသမား အပြောင်းအရွှေ့ကို ဖော်ပြရန်မှာ စောလွန်းနေသေးကြောင်း အန်ဆယ်လော့တီက ဟန်ဂေရီ နေ့စဉ်ထုတ် နင်မ်ဇီတီအားကစားသတင်းသို့ ပြောကြားခဲ့သည်။

စိတ်ဝင်စား

အန်ဆယ်လော့တီအား ချယ်လ်ဆီးနှင့် ရီးရဲမက်ဒရစ်တို့ကဲ့သို့ ဘောလုံး အင်အားကြီးအသင်းများက ခေါ်ယူရန်စိတ်ဝင်စားနေသဖြင့် ဆန်စီရိုတွင် ၄င်း၏ အနာဂတ်မှာ မေးခွန်းထုတ်စရာဖြစ်လာသည်။ သို့သော်လည်း အန်ဆယ်လော့တီသည် လာမည့်ဘောလုံးရာသီတွင် အေစီမီလန်အား ဆက်လက်နည်းပြဖွယ်ရှိကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။ (အင်တာနက်)



အင်တာတိုက်စစ်မှူး အက်ဒရီယာနို အသင်းနှင့် လက်ကျန်စာချုပ်ကို ပယ်ဖျက်ဖွယ်ရှိ

မီလန် ဧပြီ ၂၃

ဘရာဇီးနှင့် အင်တာမီလန် တိုက်စစ်မှူး အက်ဒရီယာနို (ယာပုံ) ၏ အင်တာမီလန်အသင်းနှင့် လက်ကျန်စာချုပ်မှာ ရက်အနည်းငယ်အတွင်း အဆုံးသတ်သွားဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် ၂၇နှစ်ရှိ အက်ဒရီယာနိုသည် ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်က လက်ရွေးစင်အသင်းအတွက် ဘရာဇီးသို့ ပြန်လည်သွားရောက်ကစားခဲ့ပြီးနောက် စီးရီးအေထိပ်သီး အင်တာမီလန်အသင်းသို့ ပြန်လာရန် ပျက်ကွက်ခဲ့သည်။ ထို့အပြင် အင်တာမီလန်အသင်းတွင် ကစားရသည်မှာ ပျော်ရွှင်မှုမရှိတော့သဖြင့် ခွင့်မဲ့ပျက်ကွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း အက်ဒရီယာနိုက လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

အီတလီတွင် ပြန်မကစားလိုတော့ကြောင်း အက်ဒရီယာနိုက အခိုင်အမာ ပြောကြားခဲ့သည်။ ထို့အပြင် အက်ဒရီယာနို အနေဖြင့်လည်း အင်တာမီလန်အသင်းနှင့် လက်ကျန်စာချုပ်ကိုပယ်ဖျက်ဖွယ်ရှိကြောင်း ၄င်း၏ အေးဂျင့် ဂီလ်မာရီနယ်လ်ဒီက အတည်ပြုပြောကြားသည်။

အက်ဒရီယာနိုအနေဖြင့် အခြားအသင်း တစ်သင်းသင်းနှင့် စာချုပ် မချုပ်ဆိုမီ လိုအပ်သောခွင့်ပြုချက်ကိုပေးရန် အင်တာမီလန်အသင်းက စည်းကမ်းဥပဒေအရ အခိုင်အမာ အပြင်းအထန်တောင်းဆိုလိမ့်မည်ဖြစ်ကြောင်း အီတလီ မီဒီယာများက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

မန်စီးတီး၌ ကာလအတန်ကြာကစားရန်ရည်ရွယ် တိုက်စစ်မှူးရော်ဘင်ဟို ထုတ်ဖော်ပြောကြား

လန်ဒန် ဧပြီ ၂၃

ကာလအတန်ကြာ ဂိုးပေါက်ပျောက်နေသော မန်စီးတီးတိုက်စစ်မှူး ရော်ဘင်ဟို **(အပေါ်ပုံ)** သည် ဧပြီ၁၉ရက်က ဝက်စ်ဘရွန်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ဂိုးများသွင်းယူခဲ့ပြီးနောက် ၄င်းအနေဖြင့် မန်စီးတီးအသင်းတွင် ကာလကြာရှည်စွာကစားရန် ရည်ရွယ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

၁၃ဂိုးမြောက်

ရီးရဲတိုက်စစ်မှူးဟောင်း ရော်ဘင်ဟို သွင်းယူခဲ့သောဂိုးသည် ၄င်း၏ ပထမဦးဆုံး ယခု ဘောလုံးရာသီတွင် ၁၃ဂိုးမြောက် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန် မတိုင်မီ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၈ရက် အထိကာလကို ပြန်ပြောင်းကြည့်ပါက ယင်းကာလသည် ရော်ဘင်ဟိုအတွက် စိတ်ထင်တိုင်းမပေါက်သည့် အကျိုးမဲ့သော ကာလဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ဂိုးမိုးခေါင်

ရော်ဘင်ဟိုသည် ၄င်း၏ မန်စီးတီး အနာဂတ်နှင့်ပတ်သက်၍ ထင်ကြေးပေးမှုများ ခံနေခဲ့ရပြီး ဂိုးမိုးခေါင်နေမှုအတွက်လည်း အဝေဖန်ခံနေခဲ့ရသည်။ ထို့အပြင် အိမ်ကွင်း၌ နယူးကာဆယ်၊ ဘလက်ဘန်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် နှစ်ဂိုးတည်းသာ သွင်းယူနိုင်ခဲ့သော ၄င်း၏ စွမ်းဆောင်မှုနှင့် ပတ်သက်၍လည်း မေးခွန်းထုတ်စရာများ ဖြစ်ခဲ့ရသည်။

ရည်ရွယ်ချက်မရှိ

မန်စီးတီးအသင်းသည် လာမည့် ဧပြီ၂၆ရက်၌ အက်ဖ်အေဖလား ဗိုလ်လုပွဲ ရောက် အဲဗာတန်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည့်အချိန်တွင် နည်းပြမာ့ခ်ဟုချ်နှင့် လက်တွဲ အလုပ်လုပ်ရသည်မှာ ပျော်ရွှင်ကြောင်း၊ မန်စီးတီးအသင်းမှ ထွက်ခွာရန် ရည်ရွယ်ချက်မရှိကြောင်း ရော်ဘင်ဟိုက အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

စုစည်းရေးသားသူ

ချစ်စိုးနိုင်

စာမျက်နှာဖွဲ့စည်းမှု

မြင့်စိုး (မြန်မာ့အလင်း)

ပရီမီယာလိဂ်သရဖူရယူရေး မန်ယူအလေးသာ လီဗာပူးနည်းပြ ဘင်နီတက်ဇ် ဖွင့်ဟပြောကြား

လန်ဒန် ဧပြီ ၂၃

ပရီမီယာလိဂ် သရဖူရယူရေးပြိုင်ပွဲတွင် မန်ယူအသင်းက အလေးသာကာ လွှမ်းမိုးသွားနိုင်ပြီဖြစ်ကြောင်း ဧပြီ၂၁ရက်က အိမ်ကွင်းအန်ဖီးလ်၌ ပြိုင်ဘက် အာဆင်နယ်အသင်းနှင့် လေးဂိုးစီ သရေကျခဲ့သော လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။

လီဗာပူးအသင်း နည်းပြ ဘင်နီတက်ဇ်

ထူးခြားအံ့သြ

ရုရှားလက်ရွေးစင် တိုက်စစ်မှူး အာရှာဗင်သည် ယင်းပွဲစဉ်တွင် ခံစစ်ကြောင်း ပျက်ပြားခဲ့သည့် လီဗာပူးအသင်းကို သာမန်ပွဲချိန်တွင် သုံးဂိုးသွင်းယူပြီး ထပ်ဆောင်းသည့် အချိန်ပိုတွင် တစ်ဂိုး ထပ်မံသွင်းယူကာ အာဆင်နယ်အသင်းအတွက် စုစုပေါင်းလေးဂိုး သွင်းယူခဲ့ခြင်းဖြင့် ထူးခြားအံ့သြလောက်သော ပြိုင်ပွဲအဖြစ် ရသမြောက်စေခဲ့သည်။

ဘင်နီတက်ဇ်သည် အန်ဖီးလ်တွင် အဖိုးတန် အမှတ်နှစ်မှတ် ဆုံးရှုံးခဲ့ရခြင်းအတွက် နောင်တရသော်လည်း ပရီမီယာလိဂ်သရဖူနှင့် ပတ်သက်ပြီး ထင်မြင်ချက်ပေးရန် ငြင်းဆန်ခဲ့ကာ ချန်ပီယံသရဖူရယူရေး ပြိုင်ပွဲတွင် အလှည့်အပြောင်းများစွာ ရှိနေဆဲပင်ဖြစ်သည်ဟု ယုံကြည်နေသူဖြစ်သည်။

(အင်တာနက်)

ချန်ပီယံရှစ်၌ ထိပ်ဆုံး၌ရပ်တည်လိုသည့် အစ်ဆွစ်ချ် နည်းပြသစ်အဖြစ် ရွိုင်ကိန်းအား တာဝန်ပေး

အစ်ဆွစ်ချ်အသင်း နည်းပြအသစ် ရွိုင်ကိန်း။

လန်ဒန် ဧပြီ ၂၃

အစ်ဆွစ်ချ်အသင်းသည် ပြီးခဲ့သည့် ဧပြီ၂၂ရက်က နည်းပြအဖြစ်မှ ဖယ်ရှားခံခဲ့ရသော ဂျင်မာဂီလ်တန်၏ နေရာတွင် ရွိုင်ကိန်းအား နည်းပြသစ်အဖြစ် အတည်ပြုခန့်အပ်လိုက်ပြီ ဖြစ်သည်။

ပြန်လည်ဝင်ရောက်

အသက် ၃၇နှစ်ရှိ ရွိုင်ကိန်းသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ပရီမီယာလိဂ်အသင်း ဆန်းဒါးလန်း၏ နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

အစ်ဆွစ်ချ်အသင်းသည် ချန်ပီယံရှစ်တွင် ထိပ်ဆုံးအသင်းအဖြစ် ပြန်လည်ရပ်တည်လိုပြီး မန်ယူ ကွင်းလယ်ကစားသမားဟောင်း ရွိုင်ကိန်းအား ၄င်းတို့၏ အိပ်မက်ကို အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့်သူအဖြစ် ယုံကြည်ကာ နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ရွိုင်ကိန်းသည် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီအစတွင် ဆန်းဒါးလန်းအသင်းသို့ ရောက်ရှိခဲ့ကတည်းက အသင်းကို ပုံစံပြောင်း ဖွဲ့စည်းကာ တန်းဆင်းရမည့်အခြေအနေမှ လအနည်းငယ်အတွင်း ချန်ပီယံရှစ် ချန်ပီယံအဖြစ်သို့ ရောက်ရှိအောင် စွမ်းဆောင်နည်းပြနိုင်ခဲ့သည်။

ရပ်တည်

ရွိုင်ကိန်းအနေဖြင့် အထင်ကြီးလေးစားခံရသော အခြေအနေတွင် အစ်ဆွစ်ချ်အသင်းကို လွှဲပြောင်းရယူရမည်ဖြစ်သည်။ သို့သော်လည်း ယခုရာသီတွင် အစ်ဆွစ်အသင်း၏ အဆုံးအဖြတ်ပွဲစဉ် စိန်ခေါ်မှုများတွင် ရှုံးနိမ့်မှုများပြားလာခဲ့ခြင်းကြောင့် နည်းပြ မာဂီလ်တန်မှာ နည်းပြရာထူးကို စွန့်လွှတ်ခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။ အစ်ဆွစ်ချ်အသင်းသည် ၂၀၀၇-၂၀၀၈ဘောလုံးရာသီတွင် ပထမတန်း၌ အဆင့်(၆)၌ ရပ်တည်နိုင်ခဲ့ပြီး ယခုရာသီတွင် အဆင့်(၉) နေရာ၌ ရပ်တည်နေသည်။ **(အင်တာနက်)**

စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၅၄-H)နေ
ဒေါက်တာထင်အောင် (ယခင်ဆေးမှူးချုပ်၊ လျှပ်စစ်ဝန်ကြီးဌာန)-
ပါမောက္ခဒေါ်လှရီရီ (ယခင် ဆေး-၁)
(International Medical University, KL) တို့၏သား

ဒေါက်တာဝင်းထိန်
MRCS,MB BCh BAO (National University of Ireland, Galway)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အင်းလျားရိပ်သာ၊ အမှတ်(၄၈)နေ
ဗိုလ်မှူးတင်မောင်မြင့် (တပ်မတော်-ရေ၊ ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊
ဌာနမှူး-အခွန်၊ ငြိမ်း)-
ဒေါက်တာဒေါ်ယဉ်နွယ် (မေ့ဆေးအထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး-ငြိမ်း) SSC
တို့၏သမီး

ဒေါက်တာအေးအိန္ဒြာ
M.B.,B.S
(Manipal University, India)

တို့၏ ၁၀-၄-၂၀၀၉ရက် Sedona Hotel (Grand Ballroom)၌ ကျင်းပသော လက်ထပ်ထိမ်းမြားမင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး(ငြိမ်း) ဦးကိုလေးနှင့်ဇနီးဒေါ်ခင်ခင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဝန်ကြီးချုပ်(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်နှင့် ဇနီး ပါမောက္ခဒေါက်တာဒေါ်နန်းဦး၊ ကြွရောက် ချီးမြှင့်ပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောမိဘဆွေမျိုးများ၊ အဘက်ဘက်မှပိုင်းဝန်းကူညီ ဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် ဒေါ်ရီရီသန့်မြန်မာမှုတေးသံအဖွဲ့၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုဝဏ္ဏခွာနီး၊ ဆံပင်မိတ်ကပ်စိုးစိုး၊ မင်္ဂလာဝတ်စုံများဖန်တီးပေးသူ မမဋ္ဌူ၊ ပန်းအလှဆင် လင်းလင်း၊ မင်္ဂလာအခမ်းအနားပြင်ဆင်ပေးသော ဒေါ်ဝင်းစန္ဒာကြည်နှင့် Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှပိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဝင်းထိန်-ဒေါက်တာအေးအိန္ဒြာ။

အမြန်ပြန်လာပါ သမီးလေး **ဆွေဇင်သန့်(ပုံ့လေး)** အားလုံးစိတ်ပူနေကြတယ်။ အားလုံးခွင့်လွှတ်တယ်။ အိမ်ကိုအမြန်ပြန်လာပါ။ စိတ်ချမ်းသာစေရမယ်။ အဖေ ကျန်းမာရေး အခြေအနေ မကောင်းဖြစ်နေတယ်။

ဖေဖေ-မေမေ

ဖုန်း-၅၃၅၉၈၇၊ ၀၉-၂၀-၀၀၆၆၆။

မိုးကုတ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

မိုးကုတ်မြို့ ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ အလှူငွေများ ထည့်ဝင် လှူဒါန်းလိုပါက ဦးအုန်းကို ဖုန်း-၀၉-၅၀-၀၃၉၉၀၊ ဦးသိန်းအောင် ဖုန်း-၀၁-၅၂၆၆၅၅၊ ဦးခင်မောင်ကြည် ဖုန်း-၀၉-၉၉-၂၆၃၀၇၊ ဦးသန်းဝင်း ဖုန်း-၀၉-၉၀-၁၁၃၈၁၊ ဦးတင်ဦး ဖုန်း-၀၉-၈၀-၂၁၀၂၆၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀-၁၆၆၁၆၊ ဦးဇော်မျိုးနိုင် ဖုန်း-၀၉-၅၀-၂၅၄၂၉၊ ဦးကံလှ ဖုန်း-၀၉-၈၀ ၂၃၉၁၃၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၉၉ ၂၇၁၂၁၊ ဒေါ်ကြူကြူဇင် ဖုန်း-၀၁-၂၉၀၃၉၄၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၁-၆၄၀၁၄၅၊ ဒေါ်ထားထားလွင် ဖုန်း-၀၉-၉၉-၂၁၀၄၅နှင့် ဒေါ်တင့်တင့်အောင် ဖုန်း-၀၉-၅၀-၂၀၅၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၆)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒေါက်တာဦးဌေးကြွယ် (အရိုး၊ အကြော၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး) - ချစ်မေမေ ဒေါ်တင်ယုထွေး (ထူးထူး)(အထက်တန်းပြ၊ အထက စဉ့်ကိုင်)တို့၏ ၂၄-၄-၂၀၀၉ရက်တွင် ကျရောက်သော (၂၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ကိုယ်၊ စိတ်၊ နှလုံးကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သာယာသောမိသားစုဘဝကို ပိုင်ဆိုင်၍ လောကီလောကုတ္တရာ အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း လျက် -

ချစ်သားကြီး - သော်သူရိန်ဌေး [A.G.T.I (E.C)]B.Sc(Math) ကမ္ဘောဇဘဏ်၊ မန္တလေးမြို့။
ချစ်သားငယ် - ကျော်ဝေယံဌေး (1st year၊ မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ်)ရေဆင်း။
'တင်'မောင်နှမတစ်စု၊ ရန်ကုန်မြို့။

ဇနီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးအောင်ကျော်မင်း ၈/ရနခ(နိုင်)၀၁၇၆၈၃ နှင့် ဒေါ်နွယ်နီဟိန်း ၁၁/မအန(နိုင်)၀၀၇၀၆၀တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီးနောက် သမီးသုံးဦး ထွန်းကားခဲ့ပါသည်။ ဒေါ်နွယ်နီဟိန်းသည် ကျွန်ုပ် ခရီးထွက်နေစဉ်ကာလအတွင်း အိမ်ရှိ ပစ္စည်းများ၊ ငွေကြေးများနှင့်သမီးသုံးဦးတို့ကို ယူဆောင် ခေါ်ယူပြီး ၎င်း၏ သဘောဆန္ဒအလျောက် မကွေးမြို့ နေအိမ်မှ ဆင်းသွားပါသောကြောင့် ဒေါ်နွယ်နီဟိန်းအား ဇနီးမယားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်ပြတ်စဲလိုက်ပါကြောင်းနှင့် ၎င်း၏ လူမှုရေးကိစ္စနှင့် ငွေကြေးဆိုင်ရာ ပေးရန်၊ ရရန် အရှုပ်အရှင်း အဝဝသည် ဒေါ်နွယ်နီဟိန်းနှင့်သာ သက်ဆိုင်ပြီး ကျွန်ုပ်နှင့် လုံးဝ(လုံးဝ) သက်ဆိုင်ပတ်သက်ခြင်း မရှိပါကြောင်းနှင့် ဖြေရှင်းပေးမည်လည်း မဟုတ်ပါကြောင်း ဒေါ်နွယ်နီဟိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးအောင်ကျော်မင်း
၈/ရနခ(နိုင်)၀၁၇၆၈၃

ဒဂုံမြို့သစ်(မြောက်ပိုင်း) (၃၇)ရပ်ကွက်၌ သက်ကြီးပူဇော်

ရန်ကုန် ဧပြီ ၂၃

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အသက်(၈၀)အထက် ဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၈ ရက် နံနက် ၈ နာရီက အမှတ်(၃၇)ရပ်ကွက် အမက(၁၇) ကျောင်းခန်းမ၌ ကျင်းပသည်။

(အောက်ပုံ)

အဆိုပါအခမ်းအနားတွင် တက်ရောက်လာသည့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက သက်ကြီး ဘိုးဘွား ၆၃ဦးအား ကန်တော့ပစ္စည်း ပေးအပ်ခဲ့ပြီး ဘိုးဘွားတစ်ဦးလျှင် ပစ္စည်းနှင့် ငွေစုစုပေါင်း တန်ဖိုး ၁၆၃၀၀ ကျပ်နှုန်းဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၃

ဦးသက်မင်း (ကိုသက် စက်ဘီးပစ္စည်းရောင်းဝယ်ရေး)သည် ကစားဖော်များ ဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးလှမိုး(န·တ·ခ)၊ ဦးနိုင်နိုင်(က·ည·န)၊ ဦးသန်းဦး(အောင်ရောသစ်စက်)၊ ဦးဖိုးပု(သစ်လုပ်ငန်း)တို့နှင့်အတူ ရောဝတီတိုင်း ပုသိမ်မြို့ ရောဝတီဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V-1 Ball ကို Ping(G 5) Iron No-7 တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာရှိ ကျင်းအမှတ်(၁)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှူဒါန်း

စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အမှတ်(၅၉)စီနေ ဒေါက်တာဦးအောင်မြင့် -ဒေါက်တာ ဒေါ်ခင်မွန် မိသားစုမှ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌက လက်ခံယူစဉ်။

(၁၃၅)

မြန်မာနိုင်ငံ ကုန်သည် စက်မှုလက်မှုအသင်းချုပ်နှင့် မလေးရှားကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး(၄) ဒေါက်တာမျိုးသက်၊ တွဲဖက်အတွင်းရေးမှူး(၅) ဒေါက်တာပွင့်ဆန်းနှင့်ဖိတ်ကြားထားသည့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များအား မလေးရှားနိုင်ငံ Malaysia Palm Oil Council နှင့် Felda Delima Oil Products Sdn Bhd မှ အကြံပေးပုဂ္ဂိုလ် Maj.(Retd) Amir Alias ခေါင်းဆောင်၍ အဖွဲ့ဝင် ငါးဦးတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၈ရက်တွင် အသင်းချုပ်သို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ စားအုန်းဆီနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပွဲတစ်ခု ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စနှင့် မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းများတင်သွင်းမှုနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများဆိုင်ရာကိစ္စတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မိုး အစဉ် သတိပြု

သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ဝမ်းပျက်ဝမ်းလျှောကြိုတင်ကာကွယ်ရေး ရေတွင်း၊ ရေကန်များတွင် ကလိုရင်းဆေးခတ်

သံတောင်ကြီး ဧပြီ ၁၀

သံတောင်ကြီးမြို့နယ်အတွင်း ရပ်ကွက် (၅)ရပ်ကွက်ရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ရေတွင်း၊ ရေကန်နှင့်စိမ့်စမ်းရေ ထွက်ပေါက်နေရာများတွင် ကလိုရင်းဆေးခတ်ဆောင်ရွက်ခြင်းကို ဧပြီ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးအောင်မြင့်ဦးဆောင်၍ မြို့နယ်ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာမြတ်သူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ ကွင်းဆင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ယင်းမာပင်၌ နွေစပါးလျှာထားချက် ပြည့်မီရေးဆွေးနွေး

ယင်းမာပင် ဧပြီ ၁၂

မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်သည် မတ် ၇ရက်က ယင်းမာပင်မြို့နယ် ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့နှင့်အတူ ယင်းမာပင်မြို့နယ်၏ မြောက်ယမားဆည်ရေသောက် လက်တံအမှတ် ၆၊ အမှတ် ၈ နှင့် အမှတ် ၉များတွင် နွေစပါး စုပေါင်းပျိုးထောင်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကာ ယင်းမာပင်မြို့နယ်၏ နွေစပါးလျာထား ချက်ပြည့်မီရေး၊ တစ်ဧကအထူးအထွက်တိုး ရရှိရေးတို့ကို သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌများနှင့် တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်သည် လည်ပေါက်ချဉ်ပြစ်လမ်း ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်သူ့ပန်းခြံရေစက်ရုံ အဆင့်မြှင့်တင်ဆောင်ရွက်မှုကို မတ် ၈ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးကျော်စွာဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နန်းတော်ရာအနောက်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်

သထုံ ဧပြီ ၁၅

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် နန်းတော်ရာအနောက်လမ်း ကတ္တရာထပ်ပိုးလွှာလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်မှခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖကိုယ်စား ဦးကျော်အုန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်၊ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညီညီခိုင်နှင့် အမှုဆောင်အရာရှိ ဦးမြင့်သိန်းတို့က အဆိုပါ ထပ်ပိုးလွှာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

မိုးကောင်းစည်ပင် ကျေးလက်တံတား ပြုပြင်ရန် ဆောင်ရွက်

မိုးကောင်း ဧပြီ ၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့သည် မတ် ၂၉ ရက်က အလယ်ရေရှင်-အထက်ရေရှင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျေးလက်တံတားကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး တံတားကောင်းမွန်ကြံ့ခိုင်စေရန် ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်ချက်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (ဝဝ၁)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နရမ်းဖြိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း၌ အရိပ်ရပင်များ၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို မတ်၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာထားရှိမှုနှင့် စာအုပ်ငှားရမ်းမှု စနစ်ကျနမှုရှိစေရေး သာစည်မြို့နယ် ပြန်/ဆက် ကွင်းဆင်းဆောင်ရွက်

သာစည် ဧပြီ ၁၅

သာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်နှင့် ဝန်ထမ်းများသည် အဖွဲ့ငယ်များဖွဲ့၍ ဧပြီ ၈ရက် နံနက်ပိုင်းမှ စတင်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၈၁ အုပ်စုသို့ ကွင်းဆင်းသွားရောက်ကြပြီး ခိုင်မာစွာ တည်ဆောက်ဖွင့်လှစ်ထားရှိပြီးဖြစ်သည့် ကျေးရွာစာကြည့်တိုက်ပေါင်း ၂၁၉ ခု၏ စာဖတ်သူအင်အား၊ ဖွင့်လှစ်ထားရှိမှု အချိန်ပိုင်း၊ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် သတင်းစာများထားရှိမှု အခြေအနေနှင့် စာအုပ်ငှားရမ်းမှု စနစ်ကျနမှုရှိစေရေးတို့ကို ဧပြီ၂ရက်အထိ ကွင်းဆင်းစစ်ဆေး၍ လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝ၉၄)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်းများကောင်းမွန်စေရေးအတွက် ငွေလုံးငွေရင်းလုပ်ငန်းဖြင့်ဆောင်ရွက်သည့် ကွင်းကောက်-ဗိုလ်ချုပ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မတ် ၁ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြှိမ်းသတ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး နှိုးဆော်ချက်

မီးဘေးအန္တရာယ်လုံခြုံကင်းဝေးရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိရာ ပြည်သူများဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) **မီးမလောင်မီ(ပြည်သူတို့၏ တာဝန်)**

(၁) သက်ဆိုင်ရာ မီးဘေးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှလည်းကောင်း၊ မီးသတ်တပ်ဖွဲ့မှလည်းကောင်း တရားဝင် ချမှတ်ထားသောစည်းကမ်းများကို လိုက်နာဆောင်ရွက်သွားရန်၊
(၂) ရပ်ကွက်အလိုက် မီးကင်းများချထားရေးတွင် ပါဝင်ဆောင်ရွက်ရန်၊
(၃) မီးသတ်တပ်ဖွဲ့မှ တစ်အိမ်တက်ဆင်း စစ်ဆေးသည့်အခါကူညီရန်၊ စစ်ဆေးမေးမြန်းသည့်အခါ ဖြေကြားရှင်းလင်းပေးရန်နှင့် ပေးသည့် အကြံဉာဏ်များကို လိုက်နာရန်၊
(၄) ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မီးဘေးတားဆီးရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပါဝင်လှုပ်ရှားကြရန်နှင့် အသိပညာပေး ပြန့်ပွားမှုပြုလုပ်ရန်၊
(၅) မိမိကြောင့် အခြားသူများ နစ်နာမှုမရှိစေရန် မိမိမှစ၍ မီးမလောင်စေရေးကိုခံယူပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရန်၊
(၆) အဆောက်အအုံတိုင်း၊ အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊
(၇) မီးလောင်လျှင် မီးလောင်ကြောင်း အချက်ပေးနိုင်ရန် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်း အစရှိသည့် အချက်ပေးကိရိယာကို အသင့်ထားရှိရန်၊
(၈) ခြောက်သွေ့သော ရာသီအချိန်များတွင် တဲအိမ်များ၌ လေတိုက်မှုမှ ကာကွယ်သည့် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲရန်နှင့် မီးကြွင်းမီးကျန်များကို ငြှိမ်းသတ်ထားရန်၊
(၉) အရိပ်ရပင်၊ လေကာပင်များအား ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ အသစ်တိုးချဲ့စိုက်ပျိုးခြင်းများအား ပြုလုပ်ထားရန်၊
(၁၀) မီးသတ်ယာဉ်/စက်များ အစဉ်အမြဲကောင်းနေစေရန်အတွက် လှူဒါန်းပံ့ပိုးပေးရန်။

(ခ) **မီးလောင်စဉ် (ပြည်သူတို့၏ တာဝန်)**

(၁) မီးလောင်မှု ဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးနည်းဖြင့် သတင်းပို့ အကြောင်းကြားရန်၊
(၂) မီးသတ်စက်များမရောက်မီ ရှေးဦးမီးငြှိမ်းသတ်ရေး နည်းလမ်းအရ ရေပုံးများဖြင့်လည်းကောင်း၊ ရရာပစ္စည်းများဖြင့်လည်းကောင်း အသုံးပြု၍ မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြှိမ်းသတ်ရန်၊
(၃) မီးလောင်ပြင်သို့ မီးငြှိမ်းသတ်ရန် ရောက်ရှိလာသော မီးသတ်ယာဉ်စက်များအား ဝင်လမ်း၊ ထွက်လမ်းနှင့် ရေအမြဲတမ်းရရှိနိုင်မည့်နေရာများသို့ ညွှန်ပြရန်၊
(၄) မီးလောင်ရာ ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများသို့ လည်းကောင်း၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကိုလည်းကောင်း ရေပက်ဖျန်း၍ ငြှိမ်းသတ်ပေးရန်၊
(၅) မီးလောင်မှုဖြစ်ပွားရာတွင် ပွဲကြည့်ပရိသတ်သဖွယ် ဝိုင်းအုံကြည့်မနေဘဲ ကူညီငြှိမ်းသတ်ပေးခြင်း၊ ဝင်ရောက်စွက်ဖက်သူများ၊ နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ကူညီပေးကြရန်။

မီးသတ်ဦးစီးဌာန

မတ်၃ရက်က မန္တလေး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သဘာဝ သစ်သီးဖျော်ရည်နှင့်သစ်သီးယိုစုံသင်တန်းဆင်းပွဲကို ကူးသန်းရောင်းဝယ်ရေးကျောင်း၌ ကျင်းပရာ ညွှန်ကြားရေးမှူး ဦးဌေးလွင်က အမှာစကားပြောကြားစဉ်။ (ဝ၉ဝ)

နွားထိုးကြီးမြို့နယ်၌ ရဲကျင့်ဝတ် စာမေးပွဲဖြေဆို

နွားထိုးကြီး ဧပြီ ၂၂

နွားထိုးကြီးမြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲကျင့်ဝတ်အရာရှိနှင့် အခြားအဆင့် စာမေးပွဲကို မတ် ၂၁ ရက်က နွားထိုးကြီးမြို့နယ် ရဲတပ်ဖွဲ့မှူးစီး၍ မြို့မအထက်တန်း ကျောင်းခွဲ၌ ကျင်းပရာ နွားထိုးကြီး၊ ဝက်လူး၊ ပြင်စည်နှင့် ကန်းနားရဲစခန်းများမှ အရာရှိ နှင့်ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ မြို့နယ်အဆင့် ရဲကျင့်ဝတ် စာမေးပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်း၊ ဒုတိယမြို့နယ်မှူး ရဲအုပ်ဝင်းတင့်၊ စခန်းမှူးရဲအုပ်ခင်မောင်စိုးတို့ ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝ၉၂)

ခြင်ဆေးဖျန်းဆောင်ရွက်

မူဆယ်မြို့ပေါ်ရှိ အထက(၁)နှင့် အထက(၂)တို့၌ ဖေဖော်ဝါရီ ၅ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်မြင့်ထွန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေဦးသူနာပြု သင်တန်းဆင်းပွဲ ဟုမ္မလင်း၌ ကျင်းပ

ဟုမ္မလင်း ဧပြီ ၂၂

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ရွှေဦးသူနာပြုသင်တန်း(၁/၀၉)ဆင်းပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက် ၉ နာရီက ပရစ်ဖာနိုင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြတ်သိန်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။ အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး ညွန့်ဇော်က အမှာစကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌဦးညွန့်ဝင်းက ကျေးဇူးတင်စကားပြောကြား၍ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ယန်းမြို့၌ အခြေခံရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း သင်တန်းဆင်း

လားရှိုး ဧပြီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော အခြေခံရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၅ရက် နံနက်ပိုင်းက တန့်ယန်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးမင်းအောင်ဝင်းက သင်တန်းပို့ချမှုနှင့် နည်းပညာပံ့ပိုးမှုအခြေအနေများ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ နည်းပြများအဖြစ် နှစ်ရှည်ပင်များအသုံးချ သုတေသန (မော်လမြိုင်)က လာရောက်ပို့ချပြီး သင်တန်းကာလမှာ မတ်၃၀ရက်မှ ဧပြီ၅ရက်အထိ တစ်ပတ်ကြာ ပို့ချကြောင်း သိရသည်။ (ဝ၂၆)

(၈၃)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဦးမြင့်စိုး**(အပေါ်ပုံ)** လူမှုထူးချွန် (တတိယဆင့်) လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်သည် ဓမ္မရောင်ခြည်သွေးလှူဒါန်းသူများနှင့်အတူ အမျိုးသားသွေးလှူဘဏ်၌ မတ် ၂၁ ရက်က (၈၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော သဲတော(၁)ရပ်ကွက်ရှိ မြို့ရေပေးရေးအတွက် ရေစင်ဆောက်လုပ်ခြင်းလုပ်ငန်းကို မတ်၁၉ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာများတွင်ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ➢ ရေကို ကျိုချက်၍သောက်ပါ။
- ➢ ယင်နားစာများ မစားပါနှင့်။
- ➢ ယင်လုံအိမ်သာ အသုံးပြုပါ။
- ➢ အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- ➢ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- ➢ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၇-၄-၂၀၀၉ (တနင်္လာနေ့)

- ☐ Constitution of ASEAN Countries
  - B.A (SEAP Studies) (3rd year)
- ☐ မြန်မာ့ခေလှေ့ထုံးတမ်းဥပဒေ
  - LL.B (2nd year) and B.A (Myanmar Studies) (3rd year)

၂၈-၄-၂၀၀၉ (အင်္ဂါနေ့)

- ☐ The Beginning of Quantum Theory I
  - ပထမနှစ်နှင့် ဒုတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူများ
- ☐ The Beginning of Quantum Theory II
  - ပထမနှစ်နှင့် ဒုတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူများ

၂၉-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

- ☐ Pyu Civilization
  - ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ
- ☐ The Scope of Philosophy
  - ဘွဲ့ကြို ဒဿနိကဗေဒ ကျောင်းသား ကျောင်းသူများ

၃၀-၄-၂၀၀၉ (ကြာသပတေးနေ့)

- ☐ General Geology of Myanmar
  - B.Sc (Geology) (1st, 2nd year)
- ☐ Mental Disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူများ

၂-၅-၂၀၀၉ (စနေနေ့)

- ☐ Mathematical Induction
  - ပထမနှစ် သင်္ချာအထူးပြုကျောင်းသား ကျောင်းသူများ
- ☐ Basic Principles of Bioinorganic Chemistry
  - ပထမနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Medieval European Civilization
  - ပထမနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Early Modern Europe
  - ပထမနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Perfect Competition
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ကိုလိုနီခေတ်မြန်မာစာပေ
  - ပထမနှစ် မြန်မာ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Echo Location
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသား ကျောင်းသူများ

၃-၅-၂၀၀၉ (တနင်္ဂနွေနေ့)

- ☐ Model Questions and Answers
  - တတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Plato's and Aristotle's theory of Aesthetics
  - တတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ ဓမ္မပဒအဋ္ဌကထာကျမ်းလာ ကောက်နုတ်ချက်များ
  - တတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ အိန္ဒိယစာပေသမိုင်း
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Scale of an Aerial Photograph
  - တတိယနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Contract of Insurance
  - တတိယနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Pearl Industry
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရေးနှင့် တပ်ဖွဲ့ဝင်များ စိတ်ဓာတ်၊စည်းကမ်းကောင်းမွန်ရေး ဆွေးနွေး

သီပေါ ဧပြီ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာနနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၁ရက် နံနက် ၁၀နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့စခန်းသို့ ရောက်ရှိကြသည်။

ဆွေးနွေး

ရှေးဦးစွာ ဝန်ကြီးသည် ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးဘေးတားဆီးရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ မြို့ပေါ် ၁၁ ရပ်ကွက်မှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် မီးသတ်လုပ်ငန်း စီမံချက်များကိုလည်းကောင်း၊ မီးသတ်တပ်ဖွဲ့သည် အစဉ်အလာကောင်းသော မီးသတ်တပ်ဖွဲ့ဖြစ်သည်နှင့်အညီ ပြည်သူအားကိုးရသော မီးသတ်တပ်ဖွဲ့ဖြစ်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရေး၊ တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်၊စည်းကမ်းကောင်းမွန်ရေးနှင့် လေ့ကျင့်ရည် ပြည့်ဝရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကိုကိုဦးက မြို့နယ်မီးဘေး ကြိုတင်ကာကွယ်ရေးအစီအမံများကို မြေပုံကားချပ်ဖြင့်ရှင်းလင်းတင်ပြပြီး မီးသတ်ယာဉ်များ၏ ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ရွေးချယ်သတ်မှတ်

ထို့နောက် ဝန်ကြီးသည် မီးသတ်တပ်ဖွဲ့စခန်းအသစ်ပြန်လည်တည်ဆောက်ရေးနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန် မြေနေရာရွေးချယ်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။ (ဝ၂ဝ)

ပုသိမ်မြို့ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်သည့် ဥမ္မာဒန္တီလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က လမ်းဖွင့်ပွဲ မုခ်ဦး၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်စန်း၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင်အောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ကန်ဖျားရပ် ကြံတောလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းနှင့် ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်မှုကို မတ် ၁၇ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

နွားထိုးကြီးမြို့နယ်လုံးကျွတ် စာကြည့်တိုက်ပြီးစီးမှုနှင့် အလှူငွေများပေးအပ်ပွဲကျင်းပ

နွားထိုးကြီး ဧပြီ ၂၂

စာကြည့်တိုက်များ ဆောင်ရွက်ပြီးစီးမှု၊ စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်က နွားထိုးကြီးမြို့နယ် စံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အမှတ်(၁) ခန်းမဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စေတနာရှင်များက သတင်းစာ၊ စာအုပ်နှင့်မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များ၊ မြို့နယ်ဌာနဆိုင်ရာများက ငွေကျပ်ငါးသိန်း၊ ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ခုနစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကြသည်။ (ဝ၉၅)

သန့်ရှင်းရေးဆောင်ရွက်

စဉ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် အဖွဲ့ဝန်ထမ်းများ ဧပြီ ၃ရက်က မြို့ဝင် ဆိုင်းဘုတ်အတွင်း စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာပေဟောပြောပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲ ပုသိမ်၌ ကျင်းပ

ပုသိမ် ဧပြီ ၆

မြန်မာ့သစ်လုပ်ငန်း ဧရာဝတီတိုင်း ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော စာပေဟောပြောပွဲများနှင့် စာကြည့်တိုက်ဖွင့်ပွဲကို ကမ်းနီအမှတ်(၁၁၅) သစ်စက် မြင်းကကွင်း၊ အမှတ်(၁၁၇) သစ်စက်မြစ်တရာ၊ အမှတ်(၁၂၅) သစ်စက်နှင့် ပုသိမ် ရောင်း/စက်ရုံတို့တွင် မတ် ၁၃ရက်က ကျင်းပရာ စာကြည့်တိုက်များကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ထို့နောက် စာရေးဆရာ လယ်တွင်းသား စောချစ်၊ ချစ်နိုင်(စိတ်ပညာ)နှင့် ဒါရိုက်တာ ကြည်စိုးထွန်းတို့က စာပေရေးရာများကို ဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးကြို ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး

နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီ လလယ်မှ ဧပြီလကုန်အထိ လည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာ အဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝတင်သွင်းပါ။ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈ဝနှင့် အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ (၃၊ ၄) နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖြင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်း ပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ဖေဖော်ဝါရီ ၂၅ ရက်က ခံတပ်ကြီးလမ်း လမ်းပေါက်ဖာ ထေး မှု နှင့် လမ်းပခုံးသားများ ပြုပြင်မှုတို့ကို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

ဦးမိုးမြင့်-ဒေါ်မေရီသန်း(ခ)ဒေါ်မိမိကြီး မိသားစု အမှတ်(၁၇) စကြာလမ်း ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် အထွေထွေသုံးစွဲရန်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။ (၁၀၅)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဟုမ္မလင်း ဧပြီ ၈

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးရည်ရွယ်၍ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၅/၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ရက် နံနက် ၉နာရီက စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ထိန်ကုန်းကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်း ဆွေးနွေးတင်ပြပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ထိန်ကုန်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်သို့ ခရိုင်ဦးစီးအရာရှိက သုတ၊ရသစာအုပ် ၅၂အုပ်ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးက သုတ၊ရသစာအုပ် ၂၇အုပ်ကိုလည်းကောင်း၊ ဦးကံထွန်းက ဂျာနယ်အစုံ ၉၂စောင်ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ခင်ခင်ဝင်းက လက်ခံယူသည်။

အခမ်းအနားသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ရပ်မိရပ်ဖများနှင့် ကျေးရွာအုပ်စုအတွင်းရှိ တွဲဖက်စာကြည့်တိုက်မှူး ၁၅ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိတ္ထီလာလွင်ပြင်ဒေသကို စိမ်းလန်းစိုပြည်လာစေမည့် မိတ္ထီလာလွင်ပြင်ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း

မိတ္ထီလာလွင်ပြင် ရေရရှိရေး လျှပ်စစ်ရေတင် စီမံကိန်း၏ ရေတင်စက်ရုံနှင့် ပင်မတူးမြောင်း တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
တင်ထွေး(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို
(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၃

ရွှေကိုမလို၊ ရေကိုသာလိုသည်ဆိုသော အညာဒေသမှ တောင်သူများ၏ဆိုရိုး စကားသည် အပိုချဲ့ကားပြောခြင်းမဟုတ်ကြောင်းကို အညာဒေသသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ဖူးကြသူများ သိကြပါလိမ့်မည်။ အမှန်တကယ်တော့လည်း အညာဒေသတွင် ရေရှိလျှင် ရွှေရှိရန် မခက်တော့ပြီ မဟုတ်ပါလား။

စာမျက်နှာ ၈ ကော်လံ ၁ *

ထူးခြားသည့်နေ့အပူချိန် (၂၃-၄-၂၀၀၉)	
ညောင်ဦး	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂ ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၁ ဒီဂရီစင်တီဂရိတ်
ချောက်	၄၁ ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ကိုကြီး ငွေဇင်ယော်၏ စလောင်း၊ ဗန်းတို့ ရောင်းတန်းက ရပ်ချိန်တန်ကြပြီ ဆောင်းပါး စာ - ၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

ရေငန်တား ကမ်းပတ်တာများ တည်ဆောက်နိုင်ခဲ့မှုကြောင့် စပါးနှင့် ဆားများ တိုးချဲ့ ထုတ်လုပ်နိုင်ခဲ့ပြီ

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဇော်ထွန်းဦး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၃

ထားဝယ်ခရိုင်သည် ရော်ဘာနှင့် ဓာတ်သတ္တုတို့အပြင် ဒေသတွင်း ဆန်စပါးဖူလုံရေးအတွက် ဆန်စပါးစိုက်ပျိုးရန် ကျယ်ပြန့်သည့် လယ်ယာမြေ များစွာရှိသည့် ဒေသတစ်ခုဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် လာဘကျေးရွာတွင် ကမ်းပတ်တာများဖြင့် ရေငန်မဝင်နိုင်ရန် တားဆီးပြီး ဆားကွင်းများ ပြုလုပ်ထားသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ယခင်က စိုက်ပျိုး၍မဖြစ်သည့် ရေကြီးရေနက်ကွင်းနှင့် ရေငန်ဝင်ရောက်ရာ ဒေသများ ရဲနွယ်တမံကြောင့် စိုက်ပျိုးဖြစ်ထွန်းသည့် အဖိုးတန်လယ်မြေများအဖြစ် ပြောင်းလဲလာ

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - သန်းအေး

ရန်ကုန် ဧပြီ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် တစ်နိုင်ငံလုံး လွှမ်းခြုံသည့် ဖွံ့ဖြိုးရေး စီမံကိန်းများကို သဟဇာတဖြစ်ဖြစ် ပေါင်းစပ်ပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

တည်ဆောက်

အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံစေရေး၊ ဒေသအလိုက် စားနပ်ရိက္ခာဖူလုံစေရေး၊အမျိုးသားစီးပွားရေး

စာမျက်နှာ ၇ ကော်လံ ၅ ■